# PRINCIPLES OF COMMUNISM

## FREDERICK ENGLES



# ကွန်မြူနစ်ဝါဒ၏ မူများ

## ဖရက်ဒရစ် အိန်ဂယ်

# PRINCIPLES OF COMMUNISM
## FREDERICK ENGLES

# ကွန်မြူနစ်ဝါဒ၏ မူများ
## ဖရက်ဒရစ် အိန်ဂယ်

ပထမအကြိမ် ၁၉၉၁ ဩဂုတ်လ ၁၅
ဒုတိယအကြိမ် ၂၀၀၇ အောက်တိုဘာ ၁၅
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်၊

# ဖရက်ဒရစ် အိန်ဂယ်
# ကွန်မြူနစ်ဝါဒ၏ မူများ
# PRINCIPLES OF COMMUNISM
Frederick Engels.

(အမှာ)

ယနေ့အခါ နယ်ချဲ့အရင်းရှင်နိုင်ငံကြီးများက ကွန်မြူနစ်ဝါဒနှင့် ဆိုရှယ်လစ်နိုင်ငံ များအား သဲကြီးမဲကြီး တိုက်ခိုက်နေခြင်းနှင့် ဗမာပြည်တွင် စစ်အုပ်စုက ကွန်မြူနစ်ဝါဒနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အား အငြိုးတကြီးတိုက်ခိုက်နေခြင်းတို့မှာ သာမန်တိုက်ဆိုင်မှု မဟုတ်ချေ။ ဤကွန်မြူနစ်ဝါဒ၏ ရန်သူများအကြားဝယ် အချို့သော အကျိုးစီးပွားများ အပေါ်၌ ပဋိပက္ခများရှိသည် မှန်သော်လည်း အခြေခံလူတန်းစား ရပ်တည်ချက်နှင့် သဘောတရား အတွေးအခေါ်တို့၌မူ တထပ်တည်း ကျသည်သာ ဖြစ်ကြောင်း ဤအချက်က ပြသနေပေသည်။

စစ်အုပ်စုအပါအဝင် ဗမာပြည်ရှိ ဖောက်ပြန်သော အုပ်စိုးသူများသည် မိမိတို့အနေဖြင့် ကွန်မြူနစ်ဝါဒကိုတော့ မဆန့်ကျင်ပါ။ ဗမာပြည် ကွန်မြူနစ်ပါတီကိုသာ ဆန့်ကျင်ခြင်း ဖြစ်ပါသည်ဟု မကြာခဏ ထုတ်ပြောလေ့ရှိကြပေသည်။ တကယ်က ကမ္ဘာ့ပြည်သူများနှင့် ဗမာပြည် ပြည်သူများအတွင်း ကွန်မြူနစ်ဝါဒ၏ သြဇာကြီးမားခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့အနေဖြင့် ဒီမိုကရေစီ အရေခြုံလိုခြင်းကြောင့်လည်းကောင်း၊

ကွန်မြူနစ်ဝါဒကိုတော့ မဆန့်ကျင်ပါဟု ပြောခြင်းဖြစ်သည်။ သို့သော် လက်တွေ့လုပ်ရပ်ကို သေသေချာချာ လေ့လာကြည့်လျှင်မူ ဗမာပြည်တွင် မာ့က်စ်လီနင်ဝါဒ စာပေများထုတ်ဝေ ဖြန့်ချိ ခြင်းကိုလည်းကောင်း၊ လေ့လာလိုက်စားခြင်းကိုလည်းကောင်း၊ ၎င်းတို့တလျှောက်လုံး ဆန့်ကျင်ကြကြောင်း တွေ့ရပေသည်။ နဝတ ကဆိုလျှင် မာ့က်စ်ဝါဒ စာပေမပြောနှင့် ပစ္စည်းမဲ့ ခေါင်းဆောင်များနှင့် တော်လှန်ရေးသမားများအကြောင်း ခေနရှင်စာရေးဆရာများ၏ ရေးသားချက်များ၊ နိုင်ငံတကာမှ တိုးတက်သည်ဟု ဆိုနိုင်သော စာပေများ ဖက်ရှုခြင်းကိုပင် ရောမရာဇဝတ်မှုကြီး ကျူးလွန်သည့်သဖွယ် ပြစ်တင်ရှုတ်ချ အရေးယူနေပေသည်။ တွေ့လျှင်သိမ်း၊ ရောင်းလျှင်ဖမ်း အခြေအနေမျိုးပင် ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေအောက်တွင် ဗမာပြည်အား တောက်ပသော အနာဂတ်ဆီသို့ တကယ်တမ်း လမ်းညွှန်ပြနိုင်သည့် မာ့က်စ်ဝါဒ လီနင်ဝါဒအား ကာကွယ်ရန်နှင့် ဖြန့်ချိရန်အတွက် ကျားကုတ်ကျားခဲလုံးပန်းရန် အထူးပင်လိုအပ်နေလေသည်။ ဤအတွက် ဦးစွာအားဖြင့် မာ့က်စ်လီနင်ဝါဒ စာပေများအား အခြေခံကျကျ နက်နက်ရှိုင်းရှိုင်း လေ့လာရန်မှာ မဖြစ်မနေလုပ်ရမည့် လုပ်ငန်းတာဝန်တရပ် ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒ ဖြန့်ချိရေးဌာနာအနေဖြင့် ပြည်သူများနှင့် ရဲဘော်များ လေ့လာနိုင်ရန်အတွက် အခက်အခဲ အမျိုးမျိုးအကြားမှပင် မာ့က်စ်ဝါဒစာပေများအား မပြတ်ထုတ်ဝေဖြန့်ချိရန် ကြိုးစားသွားမည် ဖြစ်ပေသည်။

ဖရက်ဒရစ် အိန်ဂယ်လ်ရေးသော "ကွန်မြူနစ်ဝါဒ၏မူများ" စာတမ်းသည် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ စာပေများအနက် အစောဆုံး ထုတ်ဝေခဲ့သော စာပေများစာရင်းတွင် ပါဝင်ပေသည်။ ဤစာတမ်းအား လေ့လာခြင်းအားဖြင့် မာ့က်စ်ဝါဒ၏မူများကို သိရှိနိုင်သလို မာ့က်စ်ဝါဒဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုလည်း တစုံတရာပြန်လည်သုံးသပ်နိုင်ပေသည်။ သဘောတရားအား တိုင်းတာရာ၌ လက်တွေ့သည်သာ တခုတည်းသော စံဖြစ်သည်ဆိုသည့်အလျောက် မာ့က်စ်လီနင်ဝါဒ၏ အချို့သော အယူအဆများသည်ပင်လျှင် လက်တွေ့ပေါင်းများစွာကို အကြိမ်ကြိမ်ဖြတ်သန်းရင်း မှန်မံပြုပြင်ခဲ့ရကြောင်း သတိပြုမိကြပေမည်။ လွန်ခဲ့သော ၁၄၄ နှစ်က ရေးသားထုတ်ဝေခဲ့သော ဤစာတမ်းထဲမှ အချို့သော အကြောင်းအရာများသည်လည်း သဘာဝကျစွာပင် လက်တွေ့၏ချေဖျက်ခြင်းခံခဲ့ရသည်။ ဥပမာအားဖြင့် မေးခွန်း ၁၉ အား ဖြေကြားရာ၌ တော်လှန်ရေးမှာ နိုင်ငံတနိုင်ငံတည်းတွင် မဖြစ်နိုင်ဟု ဆိုထားသော်လည်း ၁၉၁၇ ခုနှစ်တွင် ရုရှားပြည်၌ အောက်တိုဘာတော်လှန်ရေးကြီး ပေါက်ကွဲပြီး ပစ္စည်းမဲ့လူတန်းစားက အာဏာရခဲ့သည်။ ဤသည်မှာ မာ့က်စ်နှင့် အိန်ဂယ်လ်တို့ လက်ထက်တွင် ကြိုပြော၍မရသော နယ်ချဲ့စနစ်၏ အားအနည်းဆုံး ကွင်းဆက်ဆိုသည့် အချက်အလက် ပေါ်ပေါက်လာခြင်းကြောင့်

ဖြစ်သည်။

သို့သော် သတိပြုသင့်သည့်အချက်မှာ အထက်ပါအဖြစ်အပျက်သည် ဓနရှင်စနစ်အား ဆိုရှယ်လစ်စနစ်ဖြင့် အစားထိုးရေး၊ ပစ္စည်းမဲ့လူတန်းစား အာဏာရရှိရေး ဆို သော မာ့က်စ်နှင့် အိန်ဂယ်လ်တို့ ညွှန်ပြခဲ့သည့် အခြေခံဦးတည်ချက် လမ်းကြောင်းမှ သွေဖီ သွားခြင်း မဟုတ်ဟူသော အချက်ပင်ဖြစ်သည်။

ယင်းသို့သော အမှန်တရားများအား ဆုပ်ကိုင်ခြင်း၊ ဖွံ့ဖြိုးထွန်းကားစေခြင်း ပင်လျှင် ကွန်မြူနစ်ဝါဒ၏ အခြေခံရပ်တည်ချက်ပင် ဖြစ်တော့သည်။ အခြေခံရပ်တည်ချက်အား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကိုမူကား မည်သည့်နည်းနှင့်မျှ ခွင့်မပြုနိုင်ပေ။

ဗဟိုဝါဒဖြန့်ချိရေးဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ
၁၉၉၁ ခုနှစ်၊ ဇူလိုင်လ

ဖရက်ဒရစ် အိန်ဂယ်

ကွန်မြူနစ်ဝါဒ၏ မူများ

# PRINCIPLES OF COMMUNISM

Frederick Engels.

**<u>မေးခွန်း ၁။ ကွန်မြူနစ်စနစ် ဆိုသည်မှာ အဘယ်နည်း?။</u>**

အဖြေ။ ကွန်မြူနစ်စနစ် ဆိုသည်မှာ ပစ္စည်းမဲ့လူတန်းစား လွတ်မြောက်ရေးအတွက် အခြေအနေအချက်အလက်များ၏ မူဝါဒသဘောတရား ဖြစ်ပါသည်။

**<u>မေးခွန်း ၂။ ပစ္စည်းမဲ့လူတန်းစား ဆိုသည်မှာ အဘယ်နည်း?။</u>**

အဖြေ။ ပစ္စည်းမဲလူတန်းစား ဆိုသည်မှာ မိမိ၏ အသက်ရှင်နေထိုင်ရေးကို မည်သည့်အရင်းအနီး[၂] ပေါ်က ရရှိသည့် အမြတ်အစွန်းပေါ်မှ မဟုတ်ဘဲ မိမိ၏လုပ်အားရောင်းချခြင်းပေါ်မှာသာ လုံးဝနှင့်တခုတည်း အမှီပြုနေထိုင်သည့် လူ့အဖွဲ့အစည်းတွင်းရှိ လူတန်းစားတရပ် ဖြစ်ပါသည်။ ၎င်းတို့၏ ဆင်းရဲမှု၊ ချမ်းသာမှု၊ ၎င်းတို့၏ သေရေးရှင်ရေးနှင့် ၎င်းတို့၏ ရပ်တည်မှုတခုလုံးသည် လုပ်အားတောင်းဆိုမှုအပေါ် တည်ရှိပြီး ထို့ကြောင့်လည်း လုပ်ငန်းကောင်းချိန် ဆိုးချိန် အပြောင်းအလဲများ အထိန်းအချုပ်မရှိပြိုင်ဆိုင်မှု၏ အပြောင်းအလဲ မြန်မှုများအပေါ် တည်နေသည်။ ပစ္စည်းမဲ့ သို့မဟုတ် ပစ္စည်းမဲ့လူတန်းစား ဆိုသည်မှာ စကားတခွန်းတည်းနှင့် ပြောရလျှင် ဆယ့်ကိုးရာစု၏ အလုပ်သမားလူတန်းစား ဖြစ်ပါသည်။

**<u>မေးခွန်း ၃။ သို့ဖြစ်လျှင် ပစ္စည်းမဲ့များ အမြဲရှိမနေဘူးလား?။</u>**

အဖြေ။ ရှိမနေပါဘူး။ ဆင်းရဲသားများနှင့် အလုပ်သမားလူတန်းစားများ အမြဲရှိနေပြီး အလုပ်သမားလူတန်းစားများသည် အများအားဖြင့် ဆင်းရဲကြပါသည်။ သို့သော် အထက်မှာဖော်ပြခဲ့သည့် အခြေအနေများအောက်မှာ အလုပ်သမားများနှင့် ဆင်းရဲသားများ အမြဲတည်ရှိခဲ့သည် မဟုတ်ပါ။ တနည်းပြောရလျှင် လွတ်လပ်တဲ့ အထိန်း အချုပ်မဲ့ ပြိုင်ဆိုင်မှု အမြဲရှိနေခြင်းထက်ပို၍ ပစ္စည်းမဲ့များ အမြဲရှိမနေခဲ့ပါ။

**<u>မေးခွန်း ၄။ ပစ္စည်းမဲ့လူတန်းစား မည်ကဲ့သို့ပေါ်ပေါက် လာခဲ့ပါသနည်း?။</u>**

အဖြေ။ ပစ္စည်းမဲ့များသည် လွန်ခဲ့သည့် (ဆယ့်ရှစ်) ရာစုနှစ် ဒုတိယရာစုဝက်အတွင်း အင်္ဂလန်တွင် ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ယဉ်ကျေးမှု မြင့်မားသည့် နိုင်ငံများ အားလုံးမှာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့် စက်မှုတော်လှန်ရေးအတွင်း စတင် ပေါ်ပေါက်ခဲ့ပါသည်။ ရေနွေးငွေ့စက်များ၊ ချည်ငင်စက်အမျိုးမျိုး၊ စက်ရက်ကန်း များနှင့် အခြားစက်ကိရိယာ ပစ္စည်းအစုံအလင် ထုတ်လုပ်တီထွင်မှုများက စက်မှုလက်မှု တော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဤစက်များသည် အလွန် ဈေးကြီးသည့် အတွက် အရင်းရှင်ကြီးများကသာ ဝယ်ယူနိုင်သည်။ ယင်းတို့က ယခင် ထုတ်လုပ်မှုနည်းနာ တစ်စုံလုံးကို ပြောင်းလဲစေပြီး အလွန်ညံ့ဖျင်းသည့် ချည်ငင်ဘီးများ၊ လက်ရက်ကန်းများနှင့် လုပ်ကိုင်သော အလုပ်သမားများထက် ဈေးနှုန်းချိုသာပြီး ပိုမိုကောင်းမွန်သည့် ကုန်စည်များကို စက်များက ထုတ်လုပ် လာနိုင်သည့်အတွက် ယခင် အလုပ်သမားများကို မောင်းထုတ်လိုက်ပါသည်။ ဤစက်များက စက်မှုလုပ်ငန်း တခုလုံးကို အရင်းရှင်ကြီးများ၏ လက်တွင်းသို့ ပို့ဆောင်ပေးလိုက်ပြီး အလုပ်သမားများ၏ ပိုင်ဆိုင်မှု အသေးအဖွဲများ (ကိရိယာ တန်ဆာပလာ၊ လက်ရက်ကန်း အစရှိ) ကို လုံးဝ တန်ဖိုးမဲ့သွားစေခဲ့ပါသည်။ ထို့ကြောင့် တခဏအတွင်း အရင်းရှင်များ လက်တွင်း အရာရာရောက်ရှိ သွားပြီး အလုပ်သမားများလက်တွင်း ဘာမျှ မကျန်ရှိတော့ချေ။ ဤအရာသည် အထည်အလိပ် စက်မှုလက်မှုလုပ်ငန်းအတွင်းသို့ စက်ရုံစနစ် ပဏာမဝင်ရောက် လာခြင်းကို အထိမ်းအမှတ်ပြု ပေသည်။

စက်ယန္တရားနှင့် စက်ရုံစနစ် အစပျိုးဝင်ရောက်လာခြင်းအပေါ် တွန်း အားပေးလိုက်သည်နှင့် တပြိုင်နက် ဤစနစ်သည် အခြားသော စက်မှု လုပ်ငန်း ခွဲများအားလုံး အထူးသဖြင့် အဝတ်အစား၊ ပုံနှိပ်လုပ်ငန်း၊ အိုးခွက်လုပ်ငန်းနှင့် သတ္တုပစ္စည်းလုပ်ငန်းများသို့ အလျင်အမြန် ပျံ့နှံ့ရောက်ရှိ သွားပါသည်။ အလုပ်သမားတဦးချင်းအကြား လုပ်အားခွဲဝေမှု ပို၍ပို၍ များပြားလာပြီး ယခင်က အ လုပ် တစ်စုံလုံးအပြည့် လုပ်ဆောင်ခဲ့သည့် အလုပ် သမားများသည် ယခုအခါမှာ ထိုအစုံမှ တစိတ်တပိုင်းကိုသာ လုပ်ရပါ တော့သည်။ ဤလုပ်အား ခွဲဝေမှုသည် အထွက်ပစ္စည်းများ ပိုမိုလျှင်မြန်စွာ ထွက်ရှိစေပြီး ဤနည်းဖြင့် ဈေးနှုန်းပိုမို သက်သာလာစေပါသည်။ တဦးချင်း အလုပ်သမားများ၏ လုပ်ဆောင်ချက်ကို ၎င်းတို့ လုပ်ဆောင်ချက်ကဲ့သို့ ကောင်းမွန်ရုံမျှမက စက်ကြောင့် ပိုမိုသာလွန်နိုင်ပြီး ရိုးစင်းသည့် အဆက်မပြတ် ထပ်ကာထပ်ကာ လည်ပတ်နေသော စက်ယန္တရားလုပ်ရှားမှုသို့ လျော့ချပစ်လိုက်ပါသည်။ ဤကဲ့သို့သောနည်းဖြင့်

ဤစက်ရုံ အများအပြားသည် ရက်ကန်း စက်များ၊ ချည်ငင်စက်များ ဖြစ်သွားခဲ့ကြသည့်အတိုင်း တရုံပြီးတရုံ ရေနွေးငွေ့ စက်ရုံနှင့် အလုပ်ရုံစနစ် လွှမ်းမိုးမှုအောက်သို့ ကျရောက်သွားပါသည်။ သို့သော် တချိန်တည်းမှာပင် ၎င်းတို့သည် အရင်းရှင်ကြီးများ၏ လက်တွင်းသို့လည်း ကျဆင်းသွားပြီး ထိုနေရာများတွင်လည်း အလုပ်သမားများသည် လွတ်လပ်မှု၏ နောက်ဆုံး အစအနများကိုပင် ဆုံးရှုံးခဲ့ရပါသည်။ တဖြည်းဖြည်းနှင့် ကုန်ပစ္စည်းထုတ်လုပ်မှု (manufacture) သာလျှင် စက်ရုံစနစ်၏ လွှမ်းမိုးမှုအောက်သို့ တိုး၍တိုး၍ ကျရောက်လာခြင်း မဟုတ်ဘဲ အရင်းရှင်ကြီး များသည် အမြတ်အစွန်း အများအပြားရပြီး လုပ်အားခွဲဝေမှုကို အကျယ်ချဲ့နိုင် သည့် ရောမအလုပ်ရုံကြီးများ ပို၍ပို၍ တည်ထောင်ကာ လက်မှုပညာသည် ကလေးများကိုလည်း တွန်းထိုး ဘေးဖယ်ပစ်လိုက်ပါသည်။ ဤသို့ဖြင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံများ၌ လုပ်အားစိုက်ထုတ်မှု အမျိုးမျိုးအစားစား အားလုံးနီးပါးအား စက်ရုံများတွင်သာ ပြုလုပ်ဆောင်ရွက်လာခဲ့ကြရပြီး လုပ်ငန်းခွဲ အားလုံးနီးပါးတွင်လည်း လက်မှုပညာသည်နှင့် ကုန်ပစ္စည်းထုတ်လုပ်မှုများသည် အကြီးစားစက်မှုလက်မှုလုပ်ငန်းများ၏ အစားထိုးကျော်လွှားခြင်းကို ခံလိုက် ရပေသည်။ ဤဖြစ်စဉ်သည် အလယ်အလတ် လူတန်းစားအလွှာဟောင်း အထူးသဖြင့် လက်မှုပညာသည် ကလေးများကို ပိုမိုဆိုးဝါးသည့် အတိုင်းအတာအထိ ဖျက်ဆီးပစ်လိုက်ပြီး အလုပ်သမား များ၏ အခြေအနေတွေကို လုံးဝ ပြောင်းလဲပစ်လိုက်ကာ တခြားလူတန်းစားများကို တဖြည်းဖြည်းဝါးမြိုခြင်းဖြင့် ဖြစ်တည်လာသော လူတန်းစားသစ်နှစ်ရပ်ကို ဖြစ်ပေါ်လာ စေခဲ့ပါသည်။ ၎င်းတို့မှာ –

၁။ ယဉ်ကျေးပြီး နိုင်ငံများအားလုံးမှ အရင်းရှင်ကြီး လူတန်းစားများသည် ဘဝတည်မြဲရေးပစ္စည်းများ ထုတ်လုပ်ရေးအတွက် လိုအပ်သည့် ဘဝတည်မြဲရေးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများနှင့် ကိရိယာများ (စက်များ၊ အလုပ်ရုံများ) အားလုံးကို အကြွင်းမဲ့နီးပါး ပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ ဤသည် ခနရှင်လူတန်းစား သို့မဟုတ် ခနရှင်များ ဖြစ်ပါသည်။

၂။ ပိုင်ဆိုင်မှု လုံးဝမရှိသော လူတန်းစားသည် ၎င်းတို့ တည်တံ့ရေးအတွက် လိုအပ်သော ဘဝတည်မြဲရေး ပစ္စည်းများရရန် မိမိတို့လုပ်အားကို ခနရှင်များထံ မရှောင်မလွှဲသာ ရောင်းချရပါသည်။ ဤလူတန်းစားကို ပစ္စည်းမဲ့လူတန်းစား သို့ မဟုတ် ပစ္စည်းမဲ့ဟုခေါ်ပါသည်။

**မေးခွန်း ၅။ ခနရှင်များသို့ ပစ္စည်းမဲ့များ၏ ဤကဲ့သို့ လုပ်အားရောင်းချမှုသည်**

**‘မည်သည့်’အကြောင်းအချက်အောက်တွင် ဖြစ်ပေါ်ပါသနည်း?။**

အဖြေ။ လုပ်အားသည် အခြားအရာများကဲ့သို့ ကုန်စည်တရပ်သာဖြစ်ပြီး ထို့ကြောင့်လည်း ၎င်းရဲ့တန်ဖိုးအား တခြားကုန်စည်များတွင် အသုံးပြုသည့် ဥပဒေသများကပင် ပြဋ္ဌာန်းပါသည်။ အကြီးစားစက်မှုလုပ်ငန်း သို့မဟုတ် လွတ်လပ်စွာပြိုင်ဆိုင်မှု နယ်ပယ်တွင် ကျွန်တော်တို့ မြင်နိုင်သည့်အတိုင်း ဤနှစ်ခုသည် တမျိုးတည်း ဖြစ်လာပါသည်။ ကုန်စည်၏ တန်ဖိုးသည် ပျမ်းမျှအားဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ညီမျှကြောင်း၊ ထို့ကြောင့် လုပ်အား၏ တန်ဖိုးသည်လည်း လုပ်အား ထုတ်လုပ်မှု ကုန်ကျစရိတ်များနှင့် ညီမျှပေသည်။ သို့သော် ထုတ်လုပ်မှုကုန်ကျစရိတ်များသည် လုပ်သားတယောက် အလုပ်လုပ်ရန် ကျန်းမာနေပြီး အလုပ်သမားလူတန်းစား သေဆုံး ပျောက်ကွယ် မသွားစေရေးအတွက် လိုအပ်သော ဘဝတည်မြဲရေး ပစ္စည်းအရေအတွက် အတိအကျသာ ပါဝင်နေပေသည်။ ထို့ကြောင့် အလုပ်သမားတယောက်အနေဖြင့် ၎င်း၏လုပ်အားအတွက် ဤရည်ရွယ်ချက်များအတွက် လိုအပ်သည်ထက် ပိုရရှိမည်မဟုတ်ပေ။ လုပ်အား၏တန်ဖိုး သို့မဟုတ် လခသည် ထို့ကြောင့် လူ့အသက် ထိန်းသိမ်းရန်အတွက် လိုအပ်သော အနိမ့်ဆုံး သို့မဟုတ် အနည်းဆုံးတန်ဖိုးပင် ဖြစ်သည်။ သို့သော် လုပ်ငန်းသည် တခါတရံဆိုးဝါးပြီး တခါတရံကောင်းမွန်သည့်အတွက် စက်ရုံပိုင်ရှင်အနေဖြင့် ၎င်း၏ကုန်စည်များအတွက် တခါတရံပိုရပြီး တခါတရံလျော့ရသည့် နည်းတူ အလုပ်သမားသည် တခါတရံပိုရပြီး တခါတရံ လျော့ရပါသည်။ သို့သော် စက်ရုံပိုင်ရှင်သည် အရောင်းအဝယ်ကောင်းချိန်နှင့် ဆိုးချိန်ပျမ်းမျှအတိုင်း ၎င်း၏ ကုန်စည်များအတွက် ၎င်း၏ထုတ်လုပ်မှု ကုန်ကျစရိတ်များထက် ပို၍သော်လည်း ကောင်း၊ လျော့၍သော်လည်းကောင်း ရရှိခြင်းမရှိသကဲ့သို့ အလုပ်သမားသည် လည်း ပျမ်းမျှအားဖြင့် ဤအနည်းဆုံး တန်ဖိုးထက် ပို၍သော်လည်းကောင်း၊ လျော့၍ သော်လည်းကောင်း မရရှိချေ။ လစာ၏ ဤဘောဂဗေဒ တရားသည် အကြီးစား စက်မှုလုပ်ငန်းက ထုတ်လုပ်ရေးလုပ်ငန်းခွဲအားလုံးကို ပိုင်ဆိုင်လာမှု အတိုင်းအတာ ကျယ်ပြန့်များပြားလာလေလေ ပိုမိုတင်းကျပ်စွာ လှုပ်ရှားချုပ်ကိုင်လေ ဖြစ်လာပါသည်။

**မေးခွန်း ၆။ စက်မှုတော်လှန်ရေး မပေါ်ပေါက်မီက မည်သည့်အလုပ်သမားလူတန်းစားများ ရှိပါသနည်း?။**

အဖြေ။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ မတူညီသည့် အဆင့်များနှင့်အညီ အလုပ်သမားလူတန်းစားများသည် အစဉ်အမြဲ မတူညီသည့် အခြေအနေ အကြောင်း

အချက်များအောက်တွင် အသက်ရှင်နေထိုင်ခဲ့ကြရပြီး ပိုင်ဆိုင်သူနှင့် အုပ်ချုပ်သူ လူတန်းစားများနှင့် မတူညီသည့် ဆက်ဆံရေးများ ရှိခဲ့ပါသည်။ ရှေးသရော အခါက အလုပ်သမားများသည် ခေတ်နောက်ကျသော တိုင်းပြည်များနှင့် အမေရိကန်ပြည်ထောင်စု တောင်ပိုင်း အရပ်ဒေသများမှာပင် ဖြစ်မြဲဖြစ်နေသေး သည့်အတိုင်း ပိုင်ဆိုင်သူများ၏ **<u>"ကျေးကျွန်များ"</u>** ဖြစ်ခဲ့ကြပါသည်။ အလယ် ခေတ်တွင် သူတို့သည် ဟန်ဂေရီ၊ ပိုလန်နှင့် ရုရှားတို့တွင် ဖြစ်မြဲဖြစ်နေသေး သည့်အတိုင်း မြေပိုင်ရှင် မှူးမတ်များ၏ **<u>"လယ်ကျွန်များ"</u>** ဖြစ်ခဲ့ကြပါသည်။ အလယ်ခေတ်နှင့် စက်မှုတော်လှန်ရေး ရောက်လာသည့်အထိ မြို့များတွင် ဓနရှင် ပေါက်စ အလုပ်ရှင်များအတွက် လုပ်ကိုင်နေသည့် နယ်လှည့် အလုပ်သမားများ လည်း ရှိခဲ့ပါသည်။ တဖြည်းဖြည်းကုန်ပစ္စည်းထုတ်လုပ်မှု ဖြစ်ပေါ်တိုးပွားလာ သည်နှင့် အတူ ထိုအချိန်ကပင်စတင်ပြီး ပိုမိုကြီးမားသည့် အရင်းရှင်ကြီးများ၏ အခစား ကုန်ထုတ် အလုပ်သမားများ ပေါ်ပေါက်လာခဲ့ပါသည်။

**<u>မေးခွန်း ၇။ ပစ္စည်းမဲ့များသည် ကျေးကျွန်များနှင့် မည်သို့ကွဲပြားခြားနား ပါသနည်း?။</u>**

အဖြေ။ ကျေးကျွန်သည် တကြိမ်တည်းနှင့် တသက်လုံးရောင်းစားခံလိုက်ရပြီး ပစ္စည်းမဲ့များ ကတော့ မိမိကိုယ်မိမိ နေ့စဉ်နှင့်အမျှ နာရီတိုင်း ရောင်းချနေရပါသည်။ ကျွန်ပိုင် ရှင် တဦး၏ ကိုယ်ပိုင်ပစ္စည်းဖြစ်သည့် ကျေးကျွန်တဦးသည် နေထိုင်မှုဘဝ အဘယ်မျှပင် နိမ့်ကျစေကာမူ ကျွန်ပိုင်ရှင်၏ အကျိုးစီးပွားကြောင့်မို့ ၎င်း၏ အသက်ရှင်ရပ်တည်ခွင့်သည် အာမခံချက်ရှိပြီး ဖြစ်ပါသည်။ ပစ္စည်းမဲ့တဦးအဖို့ တွေ့နေရသည့် အတိုင်း ဓနရှင်**<u>လူတန်းစား</u>**တခုလုံး၏ ပိုင်ဆိုင်မှုဖြစ်ပြီး သူတို့က ၎င်း၏ လုပ်အားကို လိုအပ်သောအချိန်မှသာ ဝယ်ယူပြီး အသက်ရှင်ရပ်တည် ခွင့်မှာ အာမခံချက်မရှိပါ။ ဤအသက်ရှင် ရပ်တည်ခွင့်မှာ ပစ္စည်းမဲ့**<u>လူတန်းစား</u>** တရပ်လုံးအတွက်သာလျှင် အာမခံချက်ရှိပါသည်။ ကျေးကျွန်မှာ ပြိုင်ဆိုင်မှု၏ အပြင်ပဘက်တွင်ရှိပြီး ပစ္စည်းမဲ့များကတော့ ဤအတွင်းမှာပင်ရှိကာ ၎င်း၏ အကျိုးအပြစ်အားလုံးကို ခံစားရပါသည်။ ကျေးကျွန်ကို ယဉ်ကျေးသော လူ့အဖွဲ့ အစည်းဝင်အဖြစ် အသိအမှတ်မပြုဘဲ အရာဝတ္ထုတခုအဖြစ် သတ်မှတ်ကာ ပစ္စည်းမဲ့ကိုတော့ လူပုဂ္ဂိုလ်တယောက်အဖြစ် ယဉ်ကျေးသော လူ့အဖွဲ့အစည်း ဝင်အဖြစ် အသိအမှတ်ပြုသည်။ ဤကဲ့သို့ဖြင့် ကျေးကျွန်သည် ပစ္စည်းမဲ့ ထက် သာလွန်သော အသက်ရှင်ခွင့်၊ ရပ်တည်ခွင့် ရှိသော်လည်း ပစ္စည်းမဲ့သည် လူမှုဖြစ်ပေါ်တိုးတက်မှု၏ ပို၍မြင့်သောအဆင့်မှာ ပါဝင်ပြီး မိမိကိုယ်တိုင်လည်း

ကျေးကျွန်ထက်မြင့်တဲ့ အဆင့်မှရပ်တည်နေပါသည်။ ကျေးကျွန်သည် ပုဂ္ဂလိက ပိုင်ဆိုင်မှု ဆက်ဆံရေးအားလုံးထဲမှ ကျေးကျွန်စနစ်ဆက်ဆံရေးကိုသာ ဖျက်သိမ်းလိုက်ပါက မိမိကိုယ်မိမိ လွတ်မြောက်စေပြီး ထိုမှတဆင့် ပစ္စည်းမဲ့အဖြစ် ရောက်ရှိ လာနိုင်သည်။ ပစ္စည်းမဲ့ကတော့ ယေဘုယျပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းခြင်း ဖြင့်သာလျှင် မိမိကိုယ်မိမိ လွတ်မြောက်စေသည်။

**<u>မေးခွန်း၈။ပစ္စည်းမဲ့များသည်လယ်ကျွန်များနှင့်မည်သို့ကွဲပြားခြားနားပါသနည်း?။</u>**

အဖြေ။ လယ်ကျွန်သည် ၎င်း၏အထွက်ပစ္စည်း တစိတ်တပိုင်း သို့မဟုတ် လုပ်အား လုပ်ဆောင်မှုအတွက် — အလဲအလှယ်အဖြစ် ထုတ်လုပ်ရေး ကိရိယာ တခုဖြစ်သည့် မြေတကွက်ကို ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ရှိပါသည်။ ပစ္စည်းမဲ့သည် အထွက်ပစ္စည်း တစိတ်တပိုင်းရရန်အတွက် အလဲအလှယ်အဖြစ် တပါးသူ အတွက် တပါးသူ၏ ထုတ်လုပ်ရေးကိရိယာများနှင့် အလုပ်လုပ်ရသည်။ လယ်ကျွန်က ပေးဆပ်ရပြီး ပစ္စည်းမဲ့က လက်ခံရယူသည်။ လယ်ကျွန်က အသက်ရှင် ရပ်တည်ခွင့် အာမခံချက်ရှိပြီး ပစ္စည်းမဲ့က မရှိချေ။ လယ်ကျွန်က ပြိုင်ဆိုင်မှု၏ အပြင်ပမှဖြစ်ပြီး ပစ္စည်းမဲ့ကတော့ အတွင်းမှ ဖြစ်ပါသည်။ လယ်ကျွန်သည် မြို့များသို့ထွက်ပြေးပြီး လက်မှုပညာသည် ဖြစ်လာခြင်းဖြင့်လည်းကောင်း သို့မဟုတ် မိမိ၏မြေရှင်ကို လုပ်အားနှင့် အထွက်ပစ္စည်းအစား ငွေပေးခြင်းဖြင့် လွတ်လပ်သော လယ်ငှားစားသူ ဖြစ်လာခြင်းဖြင့်လည်းကောင်း သို့မဟုတ် ပဒေသ ရာဇ်မြေရှင်ကို မောင်းထုတ်ပြီး ၎င်းကိုယ်တိုင် မြေပိုင်ရှင်ဖြစ်လာခြင်းဖြင့် လည်းကောင်း အတိုချုပ်ပြောရလျှင် ပိုင်ဆိုင်မှုလူတန်းစားအတွင်းသို့နှင့် ပြိုင်ဆိုင်မှုအတွင်း တနည်းမဟုတ် တနည်းဝင် ရောက်လာခြင်းဖြင့် မိမိကိုယ်ကို မိမိ လွတ်မြောက်စေသည်။ ပစ္စည်းမဲ့ကတော့ ပြိုင်ဆိုင်မှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် လူတန်းစားခြားနားမှု အားလုံးကို ဖျက်သိမ်းခြင်းဖြင့် မိမိကိုယ်ကိုမိမိ လွတ် မြောက်စေသည်။

**<u>မေးခွန်း ၉။ ပစ္စည်းမဲ့သည် လက်မှုပညာသည်ကလေးနှင့် မည်ကဲ့သို့ ကွဲပြားခြား နားပါသနည်း</u>[၃*]<u>?။</u>**

(အိန်ဂယ်က ဤနေရာတွင် စာမျက်နှာဝက်ခန့် ကွက်လပ်ထားခဲ့သည်။ အဖြေ အတွက် မှတ်စုများ အမှတ်(၃) မှာ ကြည့်ပါ။ နောက်ခံ အကြောင်းအရာ အတွက် မှတ်စုများ အမှတ်(၁) တွင် ကြည့်ပါ။ )

**<u>မေးခွန်း ၁၀။ ပစ္စည်းမဲ့သည် ကုန်ပစ္စည်းထုတ်လုပ်သူနှင့် မည်ကဲ့သို့ ကွဲပြားခြားနားပါသနည်း?။</u>**

အဖြေ။ ဆယ့်ခြောက်ရာစုမှ ဆယ့်ရှစ်ရာစုထိ နေရာတကာလိုလိုမှာရှိသော ကုန်ပစ္စည်းထုတ်လုပ်ခင်း လုပ်သားသည် ၎င်းထုတ်လုပ်ရေးကိရိယာ၊ ၎င်း၏ ရက်ကန်းစင်၊ မိသားစုချည်ငင်ဘီးနှင့် မိမိ၏ အားလပ်သည့်အချိန်များတွင် ထွန်ယက် စိုက်ပျိုးသော မြေကွက်ငယ်လေးတခုကို ပိုင်ဆိုင်ခဲ့ကြပါသည်။ ပစ္စည်းမဲ့တွင် ဤလို ပစ္စည်းမျိုး ဘာတခုမှမရှိပေ။ ကုန်ပစ္စည်းထုတ်လုပ်ခင်း လုပ်သားသည် အမြဲမပြတ်နီးပါး ကျေးလက်ဒေသတွင် နေထိုင်ပြီး ၎င်းနှင့် မြေရှင် သို့မဟုတ် အလုပ်ရှင်တို့အကြားတွင် အနည်းနှင့်အများ အဖေကြီးစိုးသည့် ဆက်ဆံရေးမျိုးရှိသည်။ ပစ္စည်းမဲ့သည် အများအားဖြင့် မြို့ကြီးများတွင် နေထိုင်ကာ ၎င်းနှင့် အလုပ်ရှင်၏ ဆက်ဆံရေးသည် ငွေကြေးဆက်ဆံရေး သက်သက်သာ ဖြစ်ပါသည်။ အကြီးစား စက်မှုလုပ်ငန်းက ကုန်ပစ္စည်းထုတ်လုပ်သူ လုပ်သား၏ အဖကြီးစိုးသော အကြောင်းအချက်များကို ဆုတ်ဖြဲပစ်လိုက်ပြီး ၎င်းပိုင်ဆိုင်လျက် ရှိသေးသည့် ပိုင်ဆိုင်မှုများကိုလည်း ဆုံးရှုံးစေကာ ဤနည်းဖြင့် ၎င်းကိုယ်တိုင် ပစ္စည်းမဲ့ဖြစ်လာသည်။

**<u>မေးခွန်း ၁၁။ စက်မှုတော်လှန်ရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ဓနရှင်နှင့် ပစ္စည်းမဲ့ကွဲပြားသွားမှုတို့၏ လတ်တလော အကျိုးဆက်များကား အဘယ်နည်း?။</u>**

အဖြေ။ ပထမ။ စက်ယန္တရားလုပ်အားက သယ်ဆောင်လာသည့် စက်မှု အထွက် ပစ္စည်းများ၏တန်ဖိုး ပို၍ပို၍ ကျဆင်းလာမှုများက ကမ္ဘာတဝှမ်းလုံးရှိ တိုင်းပြည် အားလုံးမှ ကုန်ပစ္စည်းထုတ်လုပ်ခင်းများနှင့် လူ၏လုပ်အားအပေါ် အခြေခံသော စက်မှုလုပ်ငန်း စနစ်ဟောင်းကို လုံးဝဖျက်ဆီးပစ်လိုက်သည်။ ဤနည်းဖြင့် ယခု အချိန်အထိ သမိုင်းဖြစ်ပေါ်တိုးတက်မှုနှင့် အနည်းနှင့်အများ တစိမ်းပြင်ပြင် ဖြစ်နေသေးပြီး ၎င်းတို့၏ စက်မှုလုပ်ငန်းများကလည်း ကုန်ပစ္စည်းထုတ်လုပ်ခင်း အပေါ် အခြေခံထားသည့် အရိုင်းအစိုင်းတပိုင်း နိုင်ငံများအားလုံးသည် ၎င်းတို့ ၏ အထီးကျန်တကောင်ကြွက် ဖြစ်နေမှုမှ အတင်းအကျပ်ဆွဲထုတ်ခြင်း ခံလိုက် ရသည်။ ၎င်းတို့သည် အင်္ဂလိပ်တို့၏ ဈေးပိုပေါသော ကုန်စည်များကို ဝယ်ယူ ကြပြီး ၎င်းတို့၏ ကိုယ်ပိုင်ပစ္စည်း ထုတ်လုပ်သူလုပ်သားများကို ဘဝပျက်စေခဲ့ သည်။ နှစ်ထောင် နှင့်ချီပြီး ဘာမျှမတိုးတက်ခဲ့သော နိုင်ငံများ ဥပမာ အိန္ဒိယမှာ အကုန်အစင် တော်လှန်ပြောင်းလဲပစ်လိုက်ပြီး တရုတ်ပြည်သည်ပင် ယခုအခါ တော်လှန်ရေးလမ်းကို လျှောက်လှမ်းလာကြပြီ ဖြစ်သည်။ ယနေ့ အင်္ဂလန်မှာ စက်အသစ် တီထွင်လိုက်မှုက တနှစ်အတွင်း တရုတ်အလုပ်သမား သန်းနှင့်ချီပြီး

ဘဝပျက်စေနိုင်သည့်အချိန်သို့ ကျွန်ုပ်တို့ ရောက်ရှိလာခဲ့ပေပြီ။ ဤနည်းဖြင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းက ကမ္ဘာမြေပေါ်ရှိ ပြည်သူအားလုံးကို တဦးနှင့် တဦး ထိတွေ့ဆက်စပ်ပေးပြီး ဒေသဈေး ကွက်ငယ် အားလုံးကို ကမ္ဘာ့ဈေးကြီး တခုအဖြစ် ပေါင်းစပ်စုပေးကာ နေရာတကာမှာ ဖွံ့ဖြိုးတိုးတက်သည့် ယဉ်ကျေးမှု လမ်းကြောင်းကို ခင်းပေးလိုက်သည်။ ဤနည်း ဖြင့် ယဉ်ကျေးသော နိုင်ငံများက မည်သည့်အဖြစ်အပျက်မဆို အခြားနိုင်ငံ အားလုံးသို့ ဂယက်ရိုက်ခတ်မှု ရှိခဲ့သည်။ ထို့ကြောင့် အင်္ဂလန် သို့မဟုတ် ပြင်သစ်ရှိ အလုပ်သမားများက ယခု အခါ မိမိကိုယ်မိမိ လွတ်မြောက်စေလိုက်ပါက ဤသည် အခြားနိုင်ငံများ အားလုံးရှိ တော်လှန်ရေးများကို ပေါက်ကွဲစေလိမ့်မည်။ ယင်းတော်လှန်ရေးများ က ထိုဒေသရှိ အလုပ်သမားများကို အနှေးနှင့်အမြန်ဆိုသလို လွတ် မြောက်စေ ပေလိမ့်မည်။

ဒုတိယ။ ကုန်ပစ္စည်းထုတ်လုပ်ခင်းကို အကြီးစား စက်မှုလက်မှုက အစား ထိုးခဲ့သည့် နေရာတိုင်းတွင် စက်မှုတော်လှန်ရေးသည် ဓနရှင်များ ၎င်း၏ ကြွယ်ဝ ချမ်းသာမှုနှင့် အာဏာတို့ကို အမြင့်ဆုံးအဆင့်သို့ ဖြစ်ပေါ်တိုးတက် စေပြီး ၎င်းတို့ကို တိုင်းပြည်တွင် ပထမတန်းစား လူတန်းစားအဖြစ်သို့ ရောက်ရှိ သွားစေခဲ့ပါသည်။ အကျိုး ရရှိချက်ကတော့ ဤအရာ ဖြစ်ပျက်ခဲ့သည့် နေရာ တိုင်းတွင် ဓနရှင်သည် နိုင်ငံရေးအာဏာကို လက်ဝယ်ရယူပြီး ထိုအချိန်ထိ အုပ်စိုးသည့် လူတန်းစားများ၊ မင်းစိုးရာဇာများ ဂီးလ်လုပ်ငန်းရှင်များနှင့် ဤနှစ် မျိုးကို ကိုယ်စားပြုသည့် သက်ဦးဆံပိုင်အုပ်ချုပ်မှုကို ဖယ်ရှားပစ်လိုက်သည်။ ဓန ရှင်များသည် မြေယာကို ရောင်းချခွင့် မရှိသည့် ဥပဒေနှင့် မှူးကြီးမတ်ရာများ၏ အခွင့်ထူး အားလုံးကို ဖျက်သိမ်းလိုက်ခြင်း ဖြင့် မင်းစိုးရာဇာများနှင့် မှူးကြီး မတ်ရာတို့၏ အာဏာများကို ချေမှုန်းပစ်လိုက် ပါသည်။ ဂီးလ်လုပ်ငန်းများနှင့် လက်မှုပညာဆိုင်ရာ အခွင့်ထူးများကို ဖျက်သိမ်းလိုက်ခြင်းဖြင့် ဤသည်က ဂီးလ် လုပ်ငန်းရှင်များ၏ အာဏာကို ဖျက်ဆီးလိုက်သည်။ ၎င်းတို့၏ နေရာတွင် လွတ် လပ်တဲ့ပြိုင်ဆိုင်မှု သို့မဟုတ် မည်သည့် စက်မှုလက်မှု လုပ်ငန်းခွဲများတွင်မဆို လူတိုင်းပါဝင်နိုင်သည့် အခွင့်အရေးရှိပြီး တခုတည်းသော အတားအဆီးကတော့ လိုအပ်သည့် အရင်းအနှီး ချို့တဲ့ခြင်းဆိုသော လူ့အဖွဲ့အစည်း အခြေအနေတခု က အစားထိုးလိုက်သည်။ ဤနည်းဖြင့် လွတ်လပ်တဲ့ ပြိုင်ဆိုင်မှုကို ဖော်ဆောင် လိုက်ခြင်းက ယခုအချိန်မှစ၍ လူ့အဖွဲ့အစည်းဝင်များသည် ၎င်းတို့၏ အရင်း အနှီး မတူညီမှုအတိုင်းအတာ အရသာလျှင် မတူညီမှုရှိကြပြီး အရင်းအနှီး

သာလျှင် အဆုံးအဖြတ် အာဏာဖြစ်ကြောင်းနှင့် ထို့ကြောင့် အရင်းရှင်များနှင့် ခနရှင်များသည် လူ့အဖွဲ့အစည်းတွင် ပထမတန်းစားများ ဖြစ်ကြောင်းကို လူသိရှင်ကြား ကြေညာလိုက်ခြင်း ဖြစ်ပေသည်။ အကြီးစားစက် မှုလုပ်ငန်းသည် လွတ်လပ်စွာ ပြိုင်ဆိုင်မှုဆိုသော လူ့အဖွဲ့အစည်း အခြေ အနေ တခုတွင်သာ ဖွံ့ဖြိုးတိုးတက်နိုင်သည့်အတွက် ဤလုပ်ငန်း ဖွံ့စည်းထမြောက် ရေး အတွက် လွတ်လပ်သော ပြိုင်ဆိုင်မှုကို လိုအပ်သည်။ ခနရှင်သည် မျူးကြီး မတ်ရာများနှင့် ဂီးလ်လုပ်ငန်းရှင်များ၏ လူ့အဖွဲ့အစည်းဆိုင်ရာ အာဏာကို ချေမှုန်းပြီးနောက် ၎င်းတို့၏ နိုင်ငံရေးအာဏာကိုလည်း ချေမှုန်းလိုက်သည်။ လူ့အဖွဲ့အစည်း အတွင်း ပထမတန်းစားနေရာသို့ မြင့်တက်လာပြီးနောက် ခနရှင်သည် နိုင်ငံရေး တွင်လည်း ပထမတန်းစားဖြစ်ကြောင်း မိမိကိုယ်မိမိ ကြေညာလိုက်ပါသည်။ ဤသည် ခနရှင်တို့၏ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခြင်းနှင့် လွတ်လပ်သည့် ပြိုင်ဆိုင်မှုအရ တရားဝင် အသိအမှတ် ပြုခြင်း တို့အပေါ် မှီခိုသည့် ကိုယ်စားလှယ်စနစ် ဖော်ဆောင်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။ ဥရောပ နိုင်ငံများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ဘုရင်စနစ်သဏ္ဍာန်ကို ခံယူ လိုက်ခြင်းဖြင့် လုပ်ဆောင်လိုက်သည်။

ဤဖွဲ့စည်းအုပ်ချုပ်ပုံအရ ဘုရင်စနစ်များတွင် အရင်းအနှီး တစုံ တရာ ရှိသူများ တနည်းအားဖြင့် ခနရှင်သာလျှင် မဲပေးနိုင်သူများဖြစ်ကာ ဤ ခနရှင် မဲဆန္ဒရှင်များက ကိုယ်စားလှယ်များကို ရွေးချယ်ပြီး ဤခနရှင် ကိုယ်စားလှယ်များက အခွန်အကောက်များကို မဲပေးရန် ငြင်းဆိုနိုင်သော ၎င်းတို့၏ အခွင့်အရေးကို အသုံးပြုပြီး ခနရှင်အစိုးရကို ရွေးချယ်ကြသည်။

တတိယ။ စက်မှုလက်မှုတော်လှန်ရေးသည် နေရာတိုင်းတွင် ပစ္စည်းမဲ့ များကို ခနရှင်လူတန်းစားအား တည်ဆောက်ပေးသည့် အတိုင်းအတာအတိုင်း တည်ဆောက်ပေးသည်။ ခနရှင်များ ပို၍ပို၍ချမ်းသာလာသည်နှင့်အမျှ တူညီတဲ့ အချိုးအစားအတိုင်း ပစ္စည်းမဲ့များကလည်း အရေအတွက် တိုးများ လာသည်။ ပစ္စည်းမဲ့များအား အရင်းအနှီးကသာ အလုပ်ပေးနိုင်ပြီး အရင်းအနှီး သည်လည်း လုပ်အားကို ငှားရမ်းခြင်းဖြင့်သာလျှင် တိုးပွားနိုင်သည့်အတွက် ပစ္စည်းမဲ့များ၏ ကြီးထွားမှုသည် အရင်းအနှီးကြီးထွားမှုနှင့်အညီ တသားတည်း လှမ်းတက်နေပေသည်။ တချိန်တည်းမှာပင် ဤဖြစ်စဉ်က စက်မှုလုပ်ငန်းများ အလွန် အကျိုးအမြတ်ရှိအောင် လုပ်ဆောင်နိုင်သည့် မြို့ကြီးများတွင် ခနရှင်နှင့် ပစ္စည်းမဲ့များကို အတူစုရုံး ပေး လိုက်သည်။ ဤနည်းဖြင့် **<u>တနေရာ</u>**တည်းမှာ

အလွန်ကြီးမားသည့် လူစုလူဝေးကြီးများ ဖြစ်ပေါ် ခြင်းဖြင့် ပစ္စည်းမဲ့များအား ၎င်းတို့၏ စွမ်းရည် အင်အားကို သိရှိနားလည်စေလိုက်ပါသည်။ ဒ့ါအပြင် ဤ ဖြစ်စဉ် ပိုမိုဖြစ်ပေါ် တိုးတက်လာပြီး လူ့လုပ်အားကို ဖယ်ရှားသည့် စက်ယန္တရား များကို ပို၍ တီထွင်လာလျှင် ကျွန်တော်တို့ ထောက်ပြခဲ့သည့်အတိုင်း အကြီးစား စက်မှုလုပ်ငန်းများက လုပ်ခများကို အနိမ့်ဆုံးသို့ ပိုမိုနှိမ့်ချလိုက်ပြီး ဤနည်းဖြင့် ပစ္စည်းမဲ့များ၏ အခြေအနေသည် သာ၍သာ၍ သည်းမခံနိုင်ဖွယ်ရာ ဖြစ်လာ ပေသည်။ ဤနည်းဖြင့် ပစ္စည်းမဲ့များသည် တဖက်တွင် မကျေနပ်မှုများ ကြီးထွား လာကာ တဖက်တွင်လည်း အင်အားတောင့်တင်း ကြီးမားလာပြီး စက်မှု တော် လှန်ရေးက ပစ္စည်းမဲ့ လူ့အဖွဲ့အစည်း တော်လှန်ရေးလမ်းကို ပြင်ဆင်ပေး လိုက်သည်။

## <u>မေးခွန်း ၁၂။ စက်မှုတော်လှန်ရေး၏ ရှေ့အကျိုးဆက်များကား အဘယ် နည်း?။</u>

အဖြေ။ ရေနွေးငွေ့အင်ဂျင်နှင့် အခြားစက်ယန္တရားများနှင့် အကြီးစားစက်မှုလုပ်ငန်းက အတောမသတ် ကျယ်ပြန့်နေသော ထုတ်လုပ်ရေးနည်းနာများကို အချိန်တို အတွင်းနှင့် အကုန်အကျနည်းစွာ ဖန်တီးလိုက်သည်။ ဤနည်းဖြင့် ထုတ်လုပ်ရေး ပြေပြစ်ချောမော မြန်ဆန်လာမှုနှင့်အတူ အကြီးစား စက်မှုလုပ်ငန်းနှင့် မလွဲ မသွေ ပူးတွဲနေသည့် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကလည်း မကြာမီအတွင်းမှာပင် အလွန်အကျွံဆုံးသဏ္ဌာန်သို့ ရောက်ရှိလာသည်။ အရင်းရှင်အမြောက်အမြား စက်မှုလုပ်ငန်းလောကသို့ ကျူးကျော်ဝင်ရောက်လာပြီး အချိန်တိုအတွင်းမှာပင် သုံးနိုင်သည်ထက်ပိုပြီး ထုတ်လုပ်လာတော့သည်။ အကျိုးကတော့ ထုတ်လုပ် လိုက်သော ပစ္စည်းများမှာ ရောင်းမထွက်တော့ဘဲ ကုန်သွယ်ရေးကပ်ဆိုတာ ပေါ်ထွက်လာတော့သည်။ စက်ရုံများပိတ်လိုက်ရပြီး ပိုင်ရှင်များဒေဝါလီခံကာ အလုပ်သမားများ စားစရာမရှိ ဖြစ်သွားရသည်။ နေရာတကာမှာ ဆင်းရဲဒုက္ခ တွင်းအနက်ဆုံး ကျသွားသည်။ ခဏကြာတော့ ပိုလျှံနေသော ပစ္စည်းများ ရောင်းထုတ်လိုက်ရပြီး စက်ရုံများပြန်လည် လည်ပတ်ကာ လုပ်ခများမြင့်တက် လာပြီး တဖြည်းဖြည်းနှင့် စီးပွားရေးမှာ ယခင်ကထက် ပို၍ ကောင်းလာပါသည်။ သို့သော် သိပ်မကြာလိုက်ဘဲ ကုန်ပစ္စည်းအများအပြား ပြန်လည်ထုတ်လုပ်လာ ပြန်ပြီး ကပ်ဘေးအသစ် ထပ်ဖြစ်လာကာ ယခင်လမ်းကြောင်းအတိုင်းသာ ပြန် ပေါ်လာခဲ့သည်။ ဤ (ဆယ့်ကိုး) ရာစု အစပိုင်းမှစပြီး စက်မှုလုပ်ငန်း အခြေ အနေသည် ကြီးပွားသောကာလနှင့် ကပ်ဆိုက်သောကာလအတွင်း အမြဲ

အတက်အကျ ဖြစ်နေပြီး ကပ်ဆိုက်ခြင်းအသစ်မှာ ငါးနှစ်သို့မဟုတ် ခုနှစ်နှစ် နီးပါးတကြိမ် မှန်မှန်နီးပါး ကျရောက်နေသည်။ ဤသို့ဖြင့် အလုပ်သမားများ အတွက် အကြီးမားဆုံးသော အခက်အခဲအကျပ်အတည်းများ အထွေထွေ တော်လှန်ရေး လှုပ်ရှားမှုများနှင့် တည်ရှိဆဲအခြေအနေများအတွက် အလွန် အကျုံးအကြီး ရာယ်များ စတာတွေ တသီတတန်းကြီး ဖြစ်ပေါ်လာပါသည်။

**<u>မေးခွန်း ၁၃။ ဤကာလအလိုက် မှန်မှန်ဖြစ်ပေါ်လာသော ကုန်သွယ်ရေး ကပ်ဘေး များ နောက်မှာ ဘာတွေလိုက်လာပါသနည်း?။</u>**

အဖြေ။ ပထမ။ အကြီးစားစက်မှုလုပ်ငန်းသည် ၎င်း၏အစောဆုံးအဆင့်တွင် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကို ဖန်တီးခဲ့သော်လည်း ယခုအခါတွင် ၎င်းသည် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကို ကျော်လွန်သွားပေပြီ။ အကြီးစားစက်မှု လုပ်ငန်းအဖို့ ပြိုင်ဆိုင်မှုနှင့် ယေဘုယျအားဖြင့် ပုဂ္ဂလိကပိုင် စက်မှုထုတ်လုပ်ရေး အစည်းအရုံးများမှာ အတား အဆီးအချုပ်အနှောင်များ ဖြစ်လာပြီး ၎င်းတို့ကို ဖျက်ဆီးပစ်ရတော့မည်။ ဖျက်လည်း ဖျက်ဆီးပစ်လိမ့်မည်။ အကြီးစားစက်မှု လုပ်ငန်းသည် ယခုလက်ရှိ ၎င်း၏ အခြေခံပေါ်မှာ ဆက်လက်လည်ပတ် လုပ်ဆောင်နေသမျှ ကာလပတ်လုံး ခုနှစ်နှစ် တကြိမ် အထွေထွေအုံကြွမှုဆိုသော အရင်းအနှီးပေးမှသာလျှင် ထိန်းသိမ်းထားနိုင်မှာဖြစ်ပြီး ထိုအုံကြွမှုများက အကြိမ်တိုင်းမှာ လူ့ယဉ်ကျေးမှု တခု လုံးကို ခြိမ်းခြောက်ပြီး ပစ္စည်းမဲ့များကို ဆင်းရဲတွင်းကျရောက်စေရုံမက ခနရှင် အစိတ်အပိုင်း အများအပြားကိုလည်း ဖျက်ဆီးပစ်ပေသည်။ ဤသို့ဆိုလျှင် အကြီးစားစက်မှုလုပ်ငန်းကိုယ်တိုင်က အရှုံးပေးလိုက်မည်လား။ ဒါကတော့ လုံးဝမဖြစ်နိုင်ပေ။ သို့မဟုတ် ၎င်းအနေနှင့် စက်မှုထုတ်လုပ်ရေးကို အပြန် အလှန်ပြိုင်ဆိုင်နေတဲ့ ပုဂ္ဂလိကစက်ရုံပိုင်ရှင်များရဲ့ ညွှန်ကြားမှု ဆက်မခံတော့ဘဲ အားလုံးရဲ့လိုအပ်မှုကို ထည့်သွင်းစဉ်းစားသည့် တိကျသည့် စီမံကိန်းနှင့်အညီ အဖွဲ့အစည်းတခုလုံးက လှုပ်ရှားလုပ်ဆောင်သော လုံးဝသစ်လွင်သော အဖွဲ့အစည်းတရပ်ကို မလွှဲမရှောင် လိုအပ်လာစေ မည်လား။

ဒုတိယ။ အကြီးစားစက်မှုလုပ်ငန်းနှင့် ၎င်းကဖြစ်စေခဲ့သည့် အတားအဆီးမရှိ ထုတ်လုပ်ရေးချဲ့ထွင်ခြင်းသည် ဖြစ်နိုင်သည့် အဝန်းအဝိုင်းအတွင်း ဘဝ၏လိုအပ်ချက်များအားလုံးကို ထုတ်လုပ်ပေးပြီး လူ့အဖွဲ့အစည်းဝင်တိုင်း ဖြစ်ပေါ်တိုးတက်နိုင်ကာ ပြည့်ဝသော လွတ်လပ်ခြင်းနှင့် ၎င်းတို့၏ အင်အားများ၊ စွမ်းရည်များအားလုံးကို အသုံးပြုနိုင်သည့် လူ့အဖွဲ့အစည်း အနေအထား တခု

ကို သယ်ဆောင်လာသည်။ ထို့ကြောင့် ယနေ့ လူ့အဖွဲ့အစည်းအတွင်း၌ ဆင်းရဲဒုက္ခအားလုံးနှင့် ကုန်သွယ်ရေးကပ်ဆိုက်မှု အားလုံးတို့ကို ဖြစ်ပေါ်စေသည့် အကြီးစားစက်မှုလုပ်ငန်း၏ အရည်အချင်းများကပင်လျှင် မတူညီသည့် လူ့အဖွဲ့အစည်း အောက်မှာ ဤဒုက္ခများနှင့် ဆိုးဝါးလှသော ကပ်ဘေးအတက် အကျများကို ချေမှုန်း နိုင်သော အရာများဖြစ်ဟန် ရှိပေသည်။ ထို့ကြောင့် –

၁။ ဤမကောင်းမှုများအားလုံးကို ယခုအချိန်မှစပြီး တည်ရှိဆဲအကြောင်းအချက်များနှင့် ဆက်လက်ကိုက်ညီခြင်း မရှိတော့သည့် လူ့အဖွဲ့အစည်း စနစ်ပေါ်သို့သာ ပုံချရန်ဖြစ်သည်။ နောက်ပြီး

၂။ ဤမကောင်းမှုများအားလုံးကို လုံးဝဖယ်ရှားပြီး လူ့အဖွဲ့အစည်း စနစ်သစ်တရပ် ဖော်ထုတ်ရေးနည်းနာများသည်လည်း အဆင်သင့်ရှိနေပြီ ဖြစ် ကြောင်း အရှင်းလင်းဆုံး ပြသလိုက်ပေပြီ။

**<u>မေးခွန်း ၁၄။ လူ့အဖွဲ့အစည်း အနေအထားသစ်တရပ်မှာ ဘယ်လိုအမျိုးအစား မျိုး ဖြစ်မည်နည်း?။</u>**

အဖြေ။ အဓိကမှာ ၎င်းသည်ယေဘုယျအားဖြင့် အပြန်အလှန်ပြိုင်ဆိုင်နေသည့် ပုဂ္ဂလိကများလက်ထဲမှ စက်မှုလုပ်ငန်းလည်ပတ်ရေးနှင့် ထုတ်လုပ်ရေး လုပ်ငန်းခွဲအား လုံးကို သိမ်းယူလိုက်ပြီး ၎င်း၏နေရာတွင် ထုတ်လုပ်ရေးလုပ်ငန်းခွဲအားလုံးကို လူ့အဖွဲ့အစည်းတခုလုံးက အုပ်ချုပ် လုပ်ဆောင်ခန့်ခွဲသည့် စနစ်ဖြင့် အစားထိုး သည်။ ဒါကတော့ တူညီသော အကြောင်းအချက်များအတွက် ဘုံစီမံကိန်းနှင့် အညီ လူ့အဖွဲ့အစည်းဝင် အားလုံးက ပါဝင်ဆောင်ရွက်ရမည့် စနစ်ပင်ဖြစ်သည်။ တနည်းပြောလျှင် ၎င်းသည် ပြိုင်ဆိုင်မှုကို ဖျက်သိမ်းပြီး ဒါကိုပေါင်းစပ်တွဲဖက်ခြင်း ဖြင့် အစားထိုးသည်။ ထို့ပြင် စက်မှုလုပ်ငန်းအပေါ် ပုဂ္ဂလိကစီမံအုပ်ချုပ်မှုက ၎င်း၏ မလွဲမရှောင်သာသော အကျိုးဆက်အဖြစ် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ရရှိ စေသည်။ နောက်ပြီး ပြိုင်ဆိုင်မှုသည် စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဆိုင် သူများ အုပ်ချုပ်လုပ်ဆောင်သည့် နည်းစနစ်နှင့် သဏ္ဍာန်မျှသာ ဖြစ်သည့် အတွက်ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် စက်မှုလုပ်ငန်းအပေါ် ပုဂ္ဂလိကစီမံ အုပ်ချုပ်မှုနဲ့ ပြိုင်ဆိုင်မှုတို့နှင့် ကင်းကွာ၍မရဟု ဖြစ်လာသည်။ ထို့ကြောင့် ပုဂ္ဂလိ ကပိုင်ဆိုင်မှုကိုလည်း ဖျက်သိမ်းရမှာဖြစ်ပြီး ၎င်း၏နေရာတွင် ထုတ်လုပ်ရေး ကိရိ ယာအားလုံးကို ဘုံသုံးစွဲမှုနှင့် ဘုံသဘောတူညီမှုအရ အထွက်ပစ္စည်းအားလုံးကို ဖြန့်ဝေမှုက အစားထိုး လာရောက်ရမည်။ စကားတခွန်းတည်းနှင့်ဆိုလျှင် ပစ္စည်း များကို

အများပိုင်ဆိုင်မှု ဆိုတာပဲ ဖြစ်သည်။ တကယ်တော့ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးသည် စက်မှု လုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုက လိုအပ်စေသော ထိုအကြောင်းကြောင့်ပင် ကွန်မြူနစ်များက ၎င်းတို့အဓိက တောင်းဆိုချက် အပြင် မှန်ကန်စွာတင်ပြသည့် လူမှုအဖွဲ့ အစည်း အနေအထားတခုလုံး ပြောင်း လဲရေးကို ပုံဖော်ရန် အတိုဆုံးနှင့် အထင်ရှား ဆုံးသော လမ်းဖြစ်သည်။

**<u>မေးခွန်း ၁၅။ ထို့ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အချိန်စောစွာ ဖျက်သိမ်းရန် မ ဖြစ်နိုင်ဘူး မဟုတ်လား?။</u>**

အဖြေ။ မှန်သည်။ လူ့အဖွဲ့အစည်းဆိုင်ရာ အနေအထား အပြောင်းအလဲတိုင်း ပိုင်ဆိုင်မှု ဆက်ဆံရေးများအတွင်းက တော်လှန်ရေးတိုင်းသည် ပိုင်ဆိုင်မှုဆက်ဆံရေးများ နှင့် ဆက်လက်အံဝင်ခွင်ကျခြင်း မရှိတော့သည့် ထုတ်လုပ်ရေး အင်အားစုသစ် များ ဖန်တီးတီထွင်လာခြင်း၏ လိုအပ်သော အကျိုးဆက်ဖြစ်သည်။ ပုဂ္ဂလိကပိုင် ဆိုင်မှုကိုယ်တိုင် ဤနည်းဖြင့် စတင်ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ အဘယ် ကြောင့်ဆိုသော် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် အစဉ်အမြဲတည်ရှိခဲ့သည် မဟုတ် သောကြောင့် ဖြစ်သည်။ အလယ်ခေတ် ကုန်ဆုံးခါနီးအချိန်က ထုတ်လုပ်ရေး နည်းနာသစ် တခုသည် ထိုအချိန်ကတည်ရှိနေသည့် ပဒေသရာဇ်နှင့် ဂီးလ် ပိုင်ဆိုင်မှု၏ လက်အောက်ခံအဖြစ် မထားရှိနိုင်သည့် စက်မှုလက်မှုလုပ်ခင်း သဏ္ဌာန်အဖြစ် ထွက်လာပြီး ပိုင်ဆိုင်မှုဆက်ဆံရေးဟောင်းထက်ကျော်လွန် ကြီးထွား လာသည့် ဤကုန်ထုတ်လုပ်မှု လုပ်ခင်းသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုဆိုသော ပိုင်ဆိုင်မှုသစ်ကို ဖန်တီးလိုက်သည်။ ကုန်ထုတ်လုပ်မှုလုပ်ခင်းနှင့် အကြီးစား စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှု ပထမအဆင့်အတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် တခုတည်းသော ဖြစ်လာနိုင်သည့် ပိုင်ဆိုင်မှုသဏ္ဌာန် ဖြစ်သည်။ ၎င်းအပေါ် အခြေခံသည့် လူ့အဖွဲ့အစည်းစနစ်သည်လည်း တခုတည်းသော ဖြစ်လာနိုင် သည့် လူ့အဖွဲ့အစည်း စနစ်ပင် ဖြစ်သည်။ အားလုံး အတွက် လိုအပ်သလောက် မထုတ်လုပ်နိုင်ဘဲ လူ့အဖွဲ့အစည်း အရင်းအနှီး တိုးမြင့်ရေးနှင့် ထုတ်လုပ်ရေး အင်အားစု ဆက်လက်တိုးတက်ရေးအတွက် အထွက်ပစ္စည်းအပိုအလျှံများ ကျန်ရှိနေသမျှ ကာလပတ်လုံး လူ့အဖွဲ့အစည်း ထုတ်လုပ် ရေးအင်အားစုများကို ပိုင်ဆိုင် ခြယ်လှယ် ချုပ်ကိုင်နိုင်သည့် လွှမ်းမိုးကြီးစိုးသော လူတန်းစားနှင့် ဆင်းရဲသည့် အဖိနှိပ်ခံ လူတန်းစားဟူ၍ အမြဲရှိနေပါလိမ့်မည်။ ဤလူတန်းစားများ မည်သို့ ဖွဲ့တည် ပါဝင်သည်ဆိုခြင်းမှာ ထုတ်လုပ်ရေး ဖြစ်ပေါ် တိုးတက်မှု အဆင့်အပေါ် မှီတည်ပါလိမ့်မည်။ လယ်ယာစိုက်ပျိုးရေးပေါ် မှီခိုသည့်

အလယ်ခေတ်တွင် ဘဲရောန်မှူးမတ်များနှင့် မြေကျွန်များကို ဖြစ်ပေါ်စေသည်။ အလယ်ခေတ် နောက်ပိုင်း မြို့များက ဂီးလ်လုပ်ငန်းပိုင်ရှင်နှင့် နယ်လှည့်အလုပ်သမားနှင့် နေ့စား အလုပ်သမားများကို ဖော်ပြပြီး။ ၁၇ ရာစုတွင် ကုန်ထုန်လုပ်မှု လုပ်ခင်းပိုင်ရှင် များနှင့် ယင်းလုပ်ခင်းအလုပ်သမားများရှိကာ ၁၉ ရာစုမှာတော့ အလုပ်ရုံ ပိုင်ရှင်ကြီးများနှင့် ပစ္စည်းမဲ့များ ရှိလာပါသည်။ ထုတ်လုပ်ရေးအင်အားစုများသည် ယခုအချိန်ထိ အားလုံးအတွက် လုံလောက်အောင် ထုတ်လုပ်နိုင်သည့်အဆင့်ထိ ဖြစ်ပေါ် တိုးတက်ခြင်းမရှိဘဲ ထိုထုတ်လုပ်ရေးအင်အားစုများအတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် အချုပ်အနှောင်အတားအဆီး ဖြစ်နေကြောင်း ရှင်းလာသည်။ သို့သော် ယခုအခါတွင် အကြီးစားစက်မှုလုပ်ငန်း ဖြစ်ပေါ် တိုးတက်မှုသည် ပထမ – အရင်းအနှီးကို ဖန်တီးပြီး ထုတ်လုပ်ရေးအင်အားစုများမှာ ယခင်က မရှိဘူးသည့်အဆင့်ထိ ကျယ်ပြန့်တိုးပွားလာကာ နည်းနာများကလည်း အချိန်တိုအတွင်း အကန့်အသတ်မရှိ အများအပြား တိုးများလာရန် အလွယ်တကူတည်ရှိလာသည့်အခါ။ ဒုတိယ – ဤထုတ်လုပ်ရေး အင်အားစုများ ဓနရှင်အနည်းငယ်၏ လက်ထဲတွင်သာ စုပြုံရောက်ရှိနေပြီး လူအမြောက်အမြားကတော့ ပစ္စည်းမဲ့အဆင့်သို့ ပို၍ပို၍ လျှော့ကျလာပြီး ၎င်းတို့၏ အခြေအနေများသည် ဓနရှင်များ၏ ကြွယ်ဝချမ်းသာမှု တိုးများလာသည့် အချိုးအစားနှင့် ညီမျှစွာ ပို၍ဆင်းရဲဒုက္ခရောက်လာကာ မခံမရပ်နိုင်ဖြစ်လာသည့်အခါ၊ တတိယ– ဤတန်ခိုး သတ္တိကြီးမားပြီး အလွယ်တကူ ကျယ်ပြန့်တိုးပွားနိုင်သည့် ထုတ်လုပ်ရေး အင်အားစုများသည် ယခုအချိန်ထိ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ဓနရှင်လူတန်းစားထက် ကျော်လွန်ကြီးထွားလာကာ ၎င်းတို့က အချိန်မရွေး လူ့အဖွဲ့အစည်း အနေအထားအား အကြမ်းတမ်း ဆုံးသောဆူပူနှောင့်ယှက်မှုများ ဖြစ်ပေါ်စေလာသောအခါ – ယခုအချိန်မှာသာ ဤအချက်အလက်များအောက်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးသည် ဖြစ်လာနိုင်ချေ ရှိလာရုံမက လုံးဝလိုအပ်မှုလည်း ဖြစ်လာပေသည်။

**မေးခွန်း ၁၆။ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးကို ငြိမ်းချမ်းသောနည်းများဖြင့် လုပ်ဆောင်နိုင်သလား?။**

အဖြေ။ ဤကဲ့သို့ ဖြစ်လာနိုင်ပါက အလွန်လိုလားစရာဖြစ်ပြီး ဤအချက်ကို ဆန့်ကျင်သူများအနက် ကွန်မြူနစ်များသည် မုချပင် နောက်ဆုံးမှဖြစ်ပါလိမ့်မည်။ လျှို့ဝှက်ကြံစည်မှုများမှန်သမျှမှာ အသုံးမကျရုံမက အန္တရာယ်ပင်ရှိသေးကြောင်း ကွန်မြူနစ်များကသိသည်။ သူတို့က တော်လှန်ရေးများမှာ ဆန္ဒရှိတိုင်းထလုပ်တာမျိုး

အရမ်းကာရောလုပ်တာမျိုး မဟုတ်ဘဲ ပါတီအသီးသီးနှင့် လူတန်းစားများအားလုံး၏ စိတ်ဆန္ဒနှင့် ညွန်ကြားချက်များနှင့် လုံးဝမပတ်သက်သော အခြေအနေ၏ လိုအပ်သည့် အကျိုးဆက်အဖြစ်သာ နေရာတကာနှင့် အချိန်တိုင်းမှာ ဖြစ်ပေါ်လာနိုင် ကြောင်းကို ကောင်းကောင်းကြီး သိကြပါသည်။ သို့သော် သူတို့က ယဉ်ကျေးတိုး တက်ပြီး နိုင်ငံအားလုံးနီးပါးရှိ ပစ္စည်းမဲ့များ၏ ဖြစ်ပေါ် တိုးတက်မှုသည် အကြမ်း ဖက်ဖိနှိပ်ခြင်းခံရပြီး ဤနည်းဖြင့် ကွန်မြူနစ်များ၏ အတိုက်အခံများသည် ၎င်းတို့အစွမ်းရှိသမျှဖြင့် တော်လှန်ရေးဆီသို့ ပို့ဆောင်နေကြောင်း ကိုလည်း တွေ့မြင်ကြပါသည်။ သို့ဖြင့် အဖိနှိပ်ခံပစ္စည်းမဲ့များမှာ အဆုံးတနေ့တွင် တော် လှန်ရေးဆီသို့ တွန်းပို့ခြင်းခံရသည့်အချိန် ကျွန်တော်တို့ ကွန်မြူနစ်များသည် ပစ္စည်းမဲ့များ၏ အရေးတော်ပုံကို ယခုအခါမှာ ကျွန်တော်တို့ စကားလုံးများနှင့် ကာကွယ်နေသကဲ့သို့ ထိုအချိန်တွင် အလုပ်ဖြင့် ကာကွယ်သွားကြမည်။

**<u>မေးခွန်း ၁၇။ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရာမှာ တချက်တည်းနှင့် ဖြစ်နိုင်ပါသလား?။</u>**

အဖြေ။ မဖြစ်နိုင်ပေ။ တည်ရှိဆဲ ထုတ်လုပ်ရေးအင်အားစုများအား အများပိုင်လူ့ အဖွဲ့အစည်း ဖန်တီးတည်ထောင်ရန်အတွက် လိုအပ်သောအဆင့်သို့ တချက်တည်းနှင့် မတိုးချဲ့နိုင်သကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင်ချေအကြောင်းအားလုံးနှင့် ချဉ်းကပ်နီးစပ်လာသည့် ပစ္စည်းမဲ့တော်လှန်ရေးသည် လိုအပ်သည့် ထုတ်လုပ်ရေးပစ္စည်းများကို လုံလောက်သော အရေအတွက်ထိ ဖန်တီးပြီးမှ သာလျှင် တည်ရှိဆဲ လူ့အဖွဲ့အစည်းကို ပြောင်းလဲစေနိုင်ပြီး ပုဂ္ဂလိကပိုင်ဆိုင်မှုကို အဆင့်ရှိရှိ ဖျက်သိမ်း နိုင်ပါလိမ့်မည်။

**<u>မေးခွန်း ၁၈။ ဤတော်လှန်ရေး၏ ရှေ့လမ်းကြောင်း မည်သို့ရှိပါသနည်း?။</u>**

အဖြေ။ အဓိကအားဖြင့် ဤတော်လှန်ရေးက **<u>ဒီမိုကရေစီဖွဲ့စည်းပုံ</u>**တရပ်ကို တည် ထောင်မှာ ဖြစ်ပြီး ဤနည်းဖြင့် ပစ္စည်းမဲ့များ၏ နိုင်ငံရေးအုပ်ချုပ်မှုကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထူထောင်ပါလိမ့်မည်။ တိုက်ရိုက်အနေဖြင့် ပစ္စည်းမဲ့များက လူထုထဲမှာ အများစုဖြစ်နေသည့် အင်္ဂလန်တွင် ဖြစ်သည်။ သွယ်ဝိုက်၍ဆိုရလျှင် အများစုလူထုကြီးထဲမှာ ပစ္စည်းမဲ့များသာမက ယခုအခါ ပစ္စည်းမဲ့များအဖြစ် ကျဆင်းလာပြီး ၎င်းတို့၏နိုင်ငံရေး အကျိုးစီးပွားအား ပစ္စည်းမဲ့များအပေါ် ပို၍ပို၍မှီခိုလာရပြီး ထို့ကြောင့် ပစ္စည်းမဲ့များ၏ တောင်းဆိုချက်များနှင့် မိမိတို့ကိုယ်မိမိတို့ ဆီလျော်သင့်တော် လာနိုင်သည့် လယ် သမားလေးများနှင့် ခနရှင်ပေါက်စများပါ ပါဝင်သော ပြင်သစ်နှင့် ဂျာမနီတို့တွင်

ဖြစ်သည်။ ဤအတွက် ဒုတိယတိုက်ပွဲ လိုအပ်ကောင်းလိုအပ်နိုင်သော်လည်း အကျိုးဖြစ်ထွန်းမှုကတော့ ပစ္စည်းမဲ့များ၏ အောင်ပွဲသာလျှင် ဖြစ်ပေလိမ့်မည်။

ပစ္စည်းမဲ့များအဖို့ ဒီမိုကရေစီဆိုသည်အား ပုဂ္ဂလိကပိုင်ဆိုင်မှုကို တိုက်ဖျက်သည့်နေရာမှာနှင့် ပစ္စည်းမဲ့များ၏ နေထိုင်မှုဘဝကို အာမခံသည့် နေရာများမှာ အသုံးပြုသောနည်းနာများအဖြစ် တိုက်ရိုက်အသုံးမပြုနိုင်လျှင် မည်သည့်တန်ဖိုးမျှ မရှိချေ။ တည်ရှိဆဲဆက်ဆံရေးများ၏ လိုအပ်သော အကျိုးဆက်များအဖြစ် ပေါ်ထွက်လာသော အဓိကခြေလှမ်းများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁။ ပုဂ္ဂလိကပိုင်ဆိုင်မှုကို အကောက်အခွန်များ တိုးတက်ကောက်ယူခြင်း၊ အမွေခံအခွန်ကြီးလေးစွာ ကောက်ခံခြင်း၊ ညီအကိုမောင်နှမများမှ တဆင့်ဆင်းသက်သော (ညီ၊ တူ စသဖြင့်) အမွေခံစားခွင့် ပယ်ဖျက်ခြင်း၊ ဖိအားပေးချေးယူခြင်း စသဖြင့်တို့ဖြင့် ကန့်သတ်ခြင်း။

၂။ မြေပိုင်ရှင်များ၊ စက်ရုံပိုင်ရှင်များ၊ သင်္ဘောနှင့် မီးရထား လုပ်ငန်းရှင်ကြီးများထံမှ ၎င်းတို့ပိုင် ပစ္စည်းများကို နိုင်ငံတော်စက်မှု လုပ်ငန်းများနှင့် ပြိုင်ဆိုင်ခြင်းဖြင့်လည်းကောင်း၊ အာမခံစာချုပ်များသဏ္ဌာန်ဖြင့် လျော်ကြေးများ ပေးခြင်းဖြင့် လည်းကောင်း၊ တဖြည်းဖြည်း သိမ်းယူခြင်း။

၃။ ပြည်သူလူထုအများစုကြီးကို ဆန့်ကျင်သည့် ပြည်ပြေးများနှင့် သူပုန်များ၏ ပစ္စည်းများကို သိမ်းယူခြင်း။

၄။ အများပိုင်မြေများ၊ အလုပ်ရုံနှင့် စက်ရုံများတွင် ပစ္စည်းမဲ့များကို အလုပ်ခန့်အပ်ခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းများ ထူထောင်ခြင်းဖြင့် လုပ်သားများအကြား ပြိုင်ဆိုင်မှုကို အဆုံးသတ်စေခြင်း၊ အလုပ်ရုံပိုင်ရှင်များကို ၎င်းအချိန်အထိ ဆက်လက်ရှိနေသေးပါက နိုင်ငံတော်က ထောက်ပံ့ထားသည့် လစာနှုန်းမြင့်အတိုင်း ပေးဆောင်စေရမည်။

၅။ ပုဂ္ဂလိကပိုင်ဆိုင်မှု လုံးဝဖျက်သိမ်းပြီးသည့်အချိန်အထိ လူ့အဖွဲ့အစည်းဝင် အားလုံးအား အလုပ်လုပ်ရန် တူညီသော တာဝန်ဝတ္တရားရှိခြင်း၊ စက်မှုတပ်ဖွဲ့များ အထူးသဖြင့် လယ်ယာအတွက် ဖွဲ့စည်းခြင်း။

၆။ နိုင်ငံတော်အရင်းအနှီးဖြင့် နိုင်ငံတော်ဘဏ်များမှတဆင့် အတိုးနှုန်းနှင့် ငွေကြေးထုတ်လုပ်ဖြန့်ဖြူးမှုစနစ်ကို နိုင်ငံတော်လက်ထဲတွင် စုစည်းခြင်းနှင့် ပုဂ္ဂလိကဘဏ်များနှင့် ဘဏ်သူဌေးအားလုံးကို ဖိနှိပ်ခြင်း။

၇။ နိုင်ငံတော်ပိုင် စက်ရုံများ၊ အလုပ်ရုံများ၊ မီးရထားနှင့် သင်္ဘော

အရေအတွက်ကို တိုးမြှင့်ခြင်း၊ ထွန်ယက်စိုက်ပျိုးရန် လယ်မြေသစ်များ ဖော်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးပြီး လယ်မြေများကို တိုးတက်ကောင်းမွန်စေခြင်း– အားလုံးသည် နိုင်ငံတော်၏ စီမံခန့်ခွဲမှုအောက်က လုပ်အားစွမ်းအားစုနှင့် အရင်းအနှီး ကြီးထွားမှုနှင့် ညီမျှသည့် အချိုးအစားအတိုင်း ဖြစ်ရမည်။

၈။ နိုင်ငံတော်၏ ကုန်ကျစရိတ်ဖြင့် နိုင်ငံတော်၏ အဖွဲ့အစည်းများ တွင် ကလေးသူငယ်အားလုံး မိခင်ရင်ခွင်မှ ထွက်ခွာနိုင်သည့် အချိန်မှစပြီး ပညာ သင်ကြားခွင့်၊ ပညာသင်ကြားခြင်းနှင့် ထုတ်လုပ်ရေး အတူတကွ လုပ် ဆောင်ခြင်း။

၉။ နိုင်ငံတော်ပိုင်မြေများနှင့် နန်းတော်ကြီးများကို စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းတို့မှာ ပါဝင်လုပ်ဆောင်နေသည့် နိုင်ငံတော်သား အသင်း အစု များအတွက် အများပိုင်နေအိမ်များအဖြစ် တည်ဆောက်ပေးပြီး ၎င်းတို့၏ နေထိုင်မှုဘဝအတွင်း မြို့နှင့်ကျေးလက်အခြေအနေ အကြောင်းအချက်များကို ပေါင်းစပ်ပေးခြင်း၊ တဖက်တွင်လည်း တဦးဦး၏ တဖက်သတ်ကျမှုနှင့် အားနည်း ချက်များကို ဖယ်ရှားပေးရမည်။

၁၀။မြို့နေရပ်ကွက်များရှိ ကျန်းမာရေးနှင့် မကိုက်ညီသော ဖြစ်ကတတ် ဆန်း ခနော်ခနဲ့တည်ဆောက်ထားသည့် အဆောက်အဦများကို ဖြိုဖျက်ပစ်ခြင်း။

၁၁။ အိမ်ထောင်ဘဝများမှ မွေးဖွားလာသည့် ကလေးများအား တူညီသည့် အမွေဆက်ခံနိုင်ခွင့် ရှိစေခြင်း။

၁၂။ သယ်ယူပို့ဆောင်ရေးအားလုံးကို နိုင်ငံတော်၏ လက်ထဲတွင် စုစည်းထားရှိခြင်း။

အမှန်ပင် ဤအစီအစဉ်များအားလုံးကို တချိန်တည်း အကောင်အ ထည် ဖော်လုပ်ဆောင်ရန် မဖြစ်နိုင်ချေ။ သို့သော်လည်း တခု၏နောက်တွင် နောက်တခု အမြဲပါလာပေလိမ့်မည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုအပေါ် ပထမဆုံးသော အပြတ်အသတ် တိုက်ပွဲစတင်ဆင်နွှဲလိုက်သည်နှင့် တပြိုင်နက် ပစ္စည်းမဲ့များအဖို့ ရှေ့သို့တိုးရန် အရင်းအနှီးအားလုံး၊ စိုက်ပျိုးရေးအားလုံး၊ စက်မှုလုပ်ငန်းအားလုံး၊ သယ်ယူပို့ ဆောင်ရေးအားလုံး၊ ကုန်သွယ်ရေးအားတို့ကို နိုင်ငံတော်လက်ထဲတွင် ပိုပြီးစုစည်းယူရန် ဖိအားပေးခြင်းခံရကြောင်း ကိုယ့်ကိုယ်ကို တွေ့လာရ ပေ လိမ့်မည်။ အထက်မှာ ဖော်ပြခဲ့သော ခြေလှမ်းများ အားလုံးသည် ဤရည်မှန်း ချက်သို့ ညွှန်ပြ နေသည်။ နောက်ပြီး ပစ္စည်းမဲ့များ၏ လုပ်အားဖြင့် တိုင်းပြည်၏ ထုတ်လုပ်ရေး အင်အားစုများ ဖြစ်ပေါ် တိုးပွားလာသည့် အချိုးအစားနှင့် အညီ

အမျှ ၎င်းတို့သည် အကောင်အထည်ဖော်လာကာ ၎င်းတို့၏ စုစည်းသည့် အကျိုးအာနိသင်များလည်း တိုးတက်ဖြစ်ပေါ်လာပါလိမ့်မည်။ အဆုံးတနေ့ အရင်းအနှီးအားလုံး၊ ထုတ်လုပ်ရေး အားလုံး၊ ဖလှယ်မှုအားလုံး နိုင်ငံတော်၏ လက်တွင်း စုပြုံရောက်ရှိ သွားသည့်အခါ ပုဂ္ဂလိကပိုင်ဆိုင်မှုသည် အလိုအလျောက် ပျောက်ကွယ်သွားကာ အသပြာဆို သည်မှာလည်း ပိုလျှံနေ၊ ထုတ်လုပ် ရေးများလည်း အလွန်တိုးတက်လာပြီး လူများလည်း အလွန်ပြောင်းလဲကုန်မည်။ သို့ဖြင့် ဆက်ဆံရေးဟောင်း၏ နောက်ဆုံး သဏ္ဍာန်များလည်း ခွာပစ်လိုက်သလို ကွာထွက်သွားပေလိမ့်မည်။

**<u>မေးခွန်း ၁၉။ ဤတော်လှန်ရေးသည် တိုင်းပြည်တပြည်ထဲတွင် ဖြစ်နိုင်ချေရှိ ပါသလား?။</u>**

အဖြေ။ မဖြစ်နိုင်ပေ။ ကမ္ဘာ့ဈေးကွက်ကို ဖန်တီးခြင်းဖြင့် အကြီးစားစက်မှုလုပ်ငန်းက ကမ္ဘာ ပေါ်ရှိ ပြည်သူလူထုများ အထူးသဖြင့် ယဉ်ကျေးတိုးတက်ပြီးသူများကို အလွန်နီးကပ်စွာ ဆက်စပ်ပေးခဲ့သည်။ နီးကပ်လိုက်သမျှမှာ တဦးအဖြစ်အပျက်က နောက်တဦးအပေါ် ဂယက်မရိုက်ဘဲ မနေလောက်အောင်ပင် ဖြစ်သည်။ ၎င်းအပြင်၊ ၎င်းက ယဉ်ကျေးတိုးတက်ပြီး နိုင်ငံအားလုံးတွင် ဓနရှင်နှင့် ပစ္စည်းမဲ့တို့သည် လူ့အဖွဲ့အစည်း၏ အဆုံးအဖြတ် လူတန်းစားနှစ်ရပ်အဖြစ် ရောက်ရှိလာပြီး ၎င်းတို့အကြား တိုက်ပွဲသည် ယနေ့အဓိကတိုက်ပွဲအဆင့်သို့ ရောက်ရှိစေရန် လူ့အဖွဲ့အစည်းတိုးတက် ဖြစ်ပေါ်မှုကို တွဲဖက်ညှိနှိုင်းပေးလိုက်ပါသည်။ ထို့ကြောင့် ကွန်မြူနစ်တော်လှန်ရေးသည် နိုင်ငံ တခုတည်း၏ ပြဿနာမဟုတ်တော့ချေ။ ယဉ်ကျေးတိုးတက်ပြီး တိုင်းပြည်များ အားလုံးတွင် အနည်းဆုံးပြောရလျှင် အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်နှင့် ဂျာမဏီတို့တွင် တပြိုင်တည်း ဖြစ်ပေါ်ပေလိမ့်မည်။ တိုင်းပြည်တပြည် သို့မဟုတ် အခြား တပြည်တွင်ရှိသည့် ပို၍ဖြစ် ပေါ်တိုးတက်နေသည့် စက်မှုလုပ်ငန်း ပိုမိုများပြားသည့် ဓနဥစ္စာများ ပိုမိုထူးခြားသည့် ထုတ်လုပ်ရေး အင်အားစု အစုအဝေး များနှင့်အညီ ဤတိုင်းပြည် တပြည်ချင်းသည် ပိုမိုလျင်မြန်စွာသော်လည်းကောင်း၊ ပို၍နှေးစွာသော်လည်းကောင်း ဖြစ်ပေါ်တိုးတက်လိမ့်မည်။ ထို့ကြောင့် ဂျာမဏီတွင် အနှေးဆုံးဖြစ်ပြီး၊ အခက်အခဲ အများဆုံး ရင်ဆိုင်ရမည်ဖြစ်ပြီး အင်္ဂလန်တွင် အမြန်ဆုံးနှင့် အလွယ်ဆုံးဖြစ်လိမ့်မည်။ ၎င်းသည် ကမ္ဘာ့အခြားနိုင်ငံများကို အင်အားကြီးမားသော သြဇာဂယက်များရိုက်စေပြီး ယနေ့အထိ ၎င်းတို့၏ဖြစ် ပေါ်တိုးပွားမှု လမ်းကြောင်းအား အခြေခံမှစ၍ ပြုပြင်ပြောင်းလဲပြီး အရှိန်တိုးမြှင့်ပေးလိမ့်မည်။ ယင်းသည် တကမ္ဘာလုံးဆိုင်ရာ

တော်လှန်ရေးဖြစ်ပြီး ထို့ကြောင့်ပင် ကမ္ဘာ့အတိုင်းအတာ ဆောင်ပေလိမ့်မည်။

**မေးခွန်း ၂၀။ ပုဂ္ဂလိကပိုင်ဆိုင်မှု နောက်ဆုံးဖျက်သိမ်းခြင်း၏ အကျိုးဆက်များကား အဘယ်နည်း?။**

အဖြေ။ လူ့အဖွဲ့အစည်းသည် ပုဂ္ဂလိက အရင်းရှင်များလက်ထဲမှ ထုတ်လုပ်ရေး အင်အားစု များအားလုံးနှင့် ကုန်သွယ်မှုလုပ်ငန်းအားလုံး ထို့အပြင် ငွေကြေးလဲလှယ်မှုနှင့် ကုန်ပစ္စည်းဖြန့်ဝေမှုများကို သိမ်းယူလိုက်ပြီး လူ့အဖွဲ့အစည်း တခုလုံး၏ လိုအပ်ချက်များနှင့် ရနိုင်သည့် အရင်းအမြစ်များအပေါ် အခြေခံသော စီမံကိန်းနှင့်အညီ စီမံခန့်ခွဲ လိမ့်မည်။ ဤနည်းဖြင့် အရေးအကြီးဆုံးကတော့ အကြီးစားစက်မှုလုပ်ငန်း၏ လုပ်ရပ်ကြောင့် ယခုအခါ ပူးတွဲပါလာသည့် မကောင်းသော အကျိုးဆက်များ ဖျက်သိမ်းခြင်းခံရပေလိမ့်မည်။ စီးပွားရေးကပ်များလည်း ရှိတော့မည် မဟုတ်ချေ။ လက်ရှိ လူ့အဖွဲ့အစည်းအတွင်း ထုတ်လုပ်ရေးပိုလျှံမှုဖြစ်ကာ ထို့ကြောင့် ဒုက္ခများ ၏ အဓိကအကြောင်းရင်း ဖြစ်နေသော ကျယ်ပြန့်တိုးပွားလာသည့် ထုတ်လုပ်ရေးမှာ ထိုအချိန်တွင် မလုံမလောက်ဖြစ်ကာ ပိုမိုတိုးချဲ့ရန် ပိုမိုလိုအပ်လာလိမ့်မည်။ ထုတ်လုပ်ရေးပိုလျှံမှုသည် ဒုက္ခဆင်းရဲများကို ဖြစ်ပေါ်စေမည့်အစား အားလုံး၏ လိုအပ်မှုကို ကျေနပ်နိုင်စေရန်အတွက် လူ့အဖွဲ့အစည်း၏ အခြခံလိုအပ်ချက်များထက် ကျော်လွန်သွားပေမည်။ လိုအပ်ချက်အသစ်များနှင့် တချိန်တည်း ယင်းတို့ကို ပြည့်ဝဖြည့်ဆည်းနိုင်မည့် နည်းနာများကို ဖန်တီးလိမ့်မည်။ ၎င်းသည် တိုးတက်မှု အသစ်၏ အကြောင်းအချက်နှင့် လှုံ့ဆော် ချက်ဖြစ်လာမှာဖြစ်ပြီး ဤတိုးတက်မှုကို ရှေးယခင်ကလို လူ့အဖွဲ့အစည်း အနေအထားအား ရှုပ်ထွေးမှုဖြစ်စေခြင်းမျိုး မရှိဘဲနှင့် ရရှိလိမ့်မည်။ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖိအားအောက်မှ လွတ်မြောက်လာသည့် အကြီးစားစက်မှုလုပ်ငန်းသည် ကုန်ထုတ်လုပ်ခင်းအဆင့်နှင့် လက်ရှိအဆင့်တို့၏ ကွားခြားမှုမျိုး ကွားခြားသော လက်ရှိအဆင့်ထက် ကျယ်ပြန့်သည့ထက် ကျယ်ပြန့် တိုးပွားမှု ဖြစ်လာလိမ့်မည်။ ဤစက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုက လူ့အဖွဲ့အစည်း အတွက် အားလုံး၏ လိုအပ်ချက်များကို ကျေနပ်စေနိုင်သည့် အထွက်ပစ္စည်း အမြောက်အမြား အလုံ အလောက် ရရှိစေနိုင်ပါလိမ့်မည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် မြေယာအား အကွက်လိုက်စိတ်ပိုင်းထားမှု၏ ဒဏ်ကိုခံစားရသည့် စိုက်ပျိုးရေးတွင်လည်း အလားတူဖြစ်လာပါလိမ့်မည်။ ဤနေရာတွင် တည်ရှိနေသည့် တိုးတက်မှုများနှင့် သိပ္ပံနည်းကျ အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ပြီး လုံးဝသစ်လွင် သည့်ဒီရေမြင့်တာရပ်ဖြစ်ပေါ်စေကာ လုံလောက်သော

အထွက် ပစ္စည်း အမြောက် အမြားကို လူ့အဖွဲ့အစည်းက သုံးစွဲရန်ပေးအပ်လိမ့်မည်။ ဤနည်းဖြင့် ကုန်ပစ္စည်း အမြောက်အများ ထုတ်လုပ်ကာ လူ့အဖွဲ့အစည်း အနေနှင့် အဖွဲ့အစည်းဝင် အားလုံး၏ လိုအပ်ချက်များအားလုံးကို ရရှိကျေနပ် စေနိုင်ပါလိမ့်မည်။ လူ့အဖွဲ့ အစည်းအတွင်း အပြန်အလှန်ရန်စောင်နေသော လူတန်းစားများအဖြစ် ကွဲပြားနေမှုသည်လည်း ဤနည်းဖြင့် မလိုအပ်ဘဲ ဖြစ်လာလိမ့်မည်။ အမှန်ပင် ဤသည် မလိုအပ်ရုံမျှမက လူမှုအဖွဲ့အစည်းဆိုင်ရာ အနေအထားအသစ်နှင့်လည်း မသင့်လျော် မဆီလျော်တော့ချေ။ လုပ်အား ခွဲဝေမှုက လူတန်းစားများ ဖြစ်တည် လာမှုကို ပေါ်ပေါက်စေခဲ့ပြီး ယခုအချိန်ထိ သိနားလည်လာခဲ့ကြသည့် လုပ်အားခွဲဝေမှုမှာ လုံးဝပျောက်ကွယ် သွားပေ လိမ့်မည်။ စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း ထုတ်လုပ်ရေးတို့ကို ကျွန်တော်တို့ ဖော်ပြခဲ့တဲ့ အဆင့်ထိ ရောက်ရှိစေရန်အတွက် စက်ယန္တရားနှင့် ဓာတုပစ္စည်း ကိရိယာများနှင့်သာ လုံ လောက်နိုင်ခြင်းမရှိဘဲ ဤကိရိယာများကို လှုပ်ရှားနေ စေသည့် လူများ၏ စွမ်းရည်သည်လည်း အလားတူစွာ ဖြစ်ပေါ်တိုးတက် လာပေမည်။ နောက်ဆုံး ရာစုနှစ် (ဆယ့်ရှစ်ရာစု) ၏ လယ်သမားများနှင့် ကုန်ထုတ်လုပ်မှု လုပ်ခင်းလုပ်သားများမှာ အကြီးစားစက်မှုလုပ်ငန်းအတွင်း အတင်းတွန်းပို့ခြင်း ခံရသည့်အခါ ၎င်းတို့၏ နေထိုင်မှုဘဝတခုလုံး ပြောင်းသွား ပြီး ကွဲပြားခြားနားသည့် လူများ ဖြစ်သွားသကဲ့သို့ ထိုနည်းလည်းကောင်းပဲ ထုတ်လုပ်ရေးကို လူ့အဖွဲ့အစည်းတခုလုံးက အများပိုင်ချုပ်ကိုင်ဆောင်ရွက်မှုဖြင့် ဖြစ်ပေါ်လာသည့် ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှု အသစ်သည် လုံးဝကွဲပြား ခြားနားသည့် လူသားအမျိုးအစားများကို လိုလည်းလိုအပ် ဖြစ်လည်းဖြစ်ထွန်း လာစေလိမ့်မည်။ ယခုအချိန် ကာလမှာလို လူတဦးတယောက်ဟာ ထုတ်လုပ်ရေး ဌာနခွဲတခု လက်အောက်ခံဖြစ်နေရခြင်း၊ ၎င်းရဲ့အချုပ်အနှောင်ခံ၊ သွေးစုပ်ခံ နေရပြီးခြင်း၊ မိမိစွမ်း ရည်များထဲမှ အခြားအရာများစွန့်လွှတ်ကာ **တခု**ကိုသာ ဖြစ်ပေါ် တိုးတက် စေနိုင်ခြင်း၊ လုပ်ငန်းခွဲ**တခု** သို့မဟုတ် ထုတ်လုပ်ရေးတခုလုံး၏ လုပ်ငန်းခွဲတခု၏ အခွဲတခုကိုသာ သိရှိနားလည်ခြင်း ဖြစ်နေလျှင် ထုတ်လုပ် ရေးကို အများပိုင်ချုပ် ကိုင်ဆောင်ရွက်နိုင်မှု မပြုနိုင်ပေ။ လက်ရှိစက်မှု လုပ်ငန်းမှာပင်လျှင် ဤကဲ့သို့သော လူမျိုးများသည် ပို၍ပို၍ အသုံးမတည့် ဖြစ်လာကြောင်း တွေ့လာနေရသည်။ လူ့အဖွဲ့အစည်းတခုလုံးအနေဖြင့် ချုပ်ကိုင်ဆောင်ရွက်သော စီမံကိန်းရှိသည့် အများပိုင်စက်မှုလုပ်ငန်းသည် လူသားများကို ဘက်များစွာ၌ အရည် အချင်းရှိပြီး ထုတ်လုပ်ရေးစနစ်တခုလုံးကို

ကြည့်ကြပ်နိုင်သည့် စွမ်းရည်ရှိသူများအဖြစ် တောင်းဆိုပေသည်။ လယ်သမားက တယောက်၊ ဖိနပ်ချုပ်သမားက နောက်တယောက်၊ စက်ရုံလုပ်သားက တတိယတယောက်၊ စတော့ဈေးကစားသူက စတုတ္ထတယောက် စသဖြင့် ခွဲပစ်လိုက်သည့် လုပ်အားခွဲဝေမှုသည် စက်ယန္တရား၏ ဖြိုဖျက်ခြင်းခံလိုက် ရပြီးဖြစ်ကာ လုံးဝပျောက်ကွယ်သွားပါလိမ့်မည်။ လူငယ်များကို ပညာရေးက ထုတ် လုပ်ရေးစနစ်တခုလုံးနှင့် ကျွမ်းကျင်မှုအလျင်အမြန် ရှိစေနိုင်မည်ဖြစ်ပြီး လူ့အဖွဲ့ အစည်း၏ လိုအပ်မှုကို တုံ့ပြန်သောအားဖြင့်လည်း ကောင်း၊ မိမိဆန္ဒ အရလည်းကောင်း၊ ထုတ်လုပ်ရေးဌာနခွဲတခုမှ တခုသို့ဆက်တိုက် ကူးပြောင်း သွားနိုင်လိမ့်မည်။ ထို့ကြောင့် ၎င်းသည် ယနေ့လုပ်အားခွဲဝေမှုက လူတိုင်းအပေါ် တံဆိပ်ရိုက်နှိပ် ထားသည့် တဖက်သက်လက္ခဏာမှ သူတို့အား လွတ်မြောက်စေ ပေလိမ့်မည်။ ကွန်မြူနစ်အခြေခံပေါ်၌ ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းသည် ဤနည်းဖြင့် ၎င်း၏အဖွဲ့ဝင်များကို ၎င်းတို့၏ ဘက်စုံတော်သော အရည်အသွေး များကို ဘက်စုံအသုံးချနိုင်ရန် အခွင့်အရေးများကို ပေးအပ်လိမ့်မည်။ သို့သော် ဤသို့ ဖြစ်ပေါ်လာပါက လူတန်းစားများ မလွဲကေန် ပျောက်ကွယ်သွားလိမ့်မည်။ ကွန်မြူနစ်အခြေခံပေါ် ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းသည် တဖက်တွင် လူတန်းစားများ တည်ရှိနေမှုနှင့် သဟဇာတ မဖြစ်နိုင်ဘဲ၊ တဖက်တွင်လည်း ၎င်းလူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းကပင်လျှင် လူတန်းစား ကွဲပြားမှုကို ဖျက်သိမ်းသည့်နည်းနာများ ပေးအပ်ပေလိမ့်မည်။

ဤမှရရှိသည့် အချက်တချက်ကတော့ မြို့နှင့်တောအကြား ကွဲပြား မှုသည်လည်း အလားတူ ပျောက်ကွယ်သွားလိမ့်မည် ဆိုခြင်းပင် ဖြစ်သည်။ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းလည်ပတ်ရေးကို မတူညီတဲ့ လူတန်းစားနှစ်ရပ်က လုပ်သည့်အစား လူတစုတည်းကသာ လုပ်ဆောင်မှုသည် ရုပ်ဝတ္ထုအကြောင်း သက်သက်ဖြစ်ပါက ကွန်မြူနစ်အဖွဲ့အစည်းအတွက် လိုအပ်သော အကြောင်း အချက်တရပ်ဖြစ်သည်။ မြို့ကြီးများက စက်မှုလူဦးရေ ပြည့်ကျပ်ထူထပ် လာခြင်းနှင့်အတူ လယ်မြေများမှ စိုက်ပျိုးသည့်လူဦးရေ ပြန့်ကျဲနေမှုသည် လယ်ယာ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း နှစ်ခုစလုံး၏ မဖွံ့ဖြိုးသောအဆင့်နှင့် လိုက်လျောညီထွေသော အကြောင်းအချက်တရပ်ဖြစ်ပြီး ရှေ့ဖြစ်ပေါ်တိုးတက်မှု အားလုံးအတွက် အတားအဆီး တရပ်ဖြစ်ကြောင်း မြင်သာသိရှိပြီးဖြစ်သည်။

ထုတ်လုပ်ရေး အင်အားစုများကို စီမံကိန်းကျစုပေါင်း အစွမ်းကုန် အသုံးပြုရေး ရည်ရွယ်ချက်ဖြင့် လူ့အဖွဲ့အစည်းဝင်အားလုံး၏ အထွေထွေ

ပူးပေါင်းဆောင်ရွက်မှု၊ ထုတ်လုပ်ရေးက အားလုံး၏လိုအပ်မှုကို ပြည့်ဝ ကျေနပ်စေနိုင်သည့် အဆင့်အထိ ကျယ်ပြန့်တိုးပွားလာမှု၊ လူတဦးတယောက်၏ လိုအပ်မှုကို အနစ်နာအဆုံးရှုံးခံမှသာ အခြားသူတဦး၏ လိုအပ်မှုကို ပြည့်စုံစေနိုင်သည့် အခြေအနေအဆုံးသတ်သွားမှု၊ လူတန်းစားများနှင့် ၎င်းတို့၏ ပဋိပက္ခများ လုံးဝကျေပြုန်းသွားမှု၊ လက်ရှိလုပ်အားခွဲဝေမှုကို ပယ်ဖျက်ခြင်းဖြင့်လည်းကောင်း၊ စက်မှုလုပ်ငန်း ပညာရေးဖြင့်လည်းကောင်း၊ လုပ်ရှားမှုများကို တလှည့်စီ ပြောင်းခြင်းဖြင့်လည်းကောင်း၊ တကမ္ဘာလုံးက ထုတ်လုပ်သည့် ပျော်ရွှင်မှု အဖုံဖုံကို တကမ္ဘာလုံးခွဲဝေခံစားခြင်းဖြင့်လည်းကောင်း၊ မြို့နှင့်တောကို ပူးပေါင်း ပေးလိုက်ခြင်းဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းဝင် အားလုံးတို့ရဲ့ စွမ်းရည်သတ္တိများကို အပြည့်အဝဖြစ်ပေါ် တိုးတက်မှု– ဤအရာများသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းခြင်းဖြင့် ရရှိလာသည့် အဓိက အကျိုးဆက်များ ဖြစ်ပေသည်။

**<u>မေးခွန်း ၂၁။ ကွန်မြူနစ်စနစ် လူ့အဖွဲ့အစည်းက အိမ်ထောင်စုအပေါ် မည်ကဲ့ သို့သော ဩဇာဂယက် ရိုက်ခတ်နိုင်သနည်း?။</u>**

အဖြေ။ ၎င်းက ယောကျာ်းနှင့် မိန်းမဆက်ဆံရေးကိစ္စအား သက်ဆိုင်သူနှစ်ဦးနှင့်သာ သက်ဆိုင်သည့် ကိုယ်ရေးကိုတာ ပြဿနာသက်သက်မျှသာ ဖြစ်စေပြီး ဤအထဲတွင် လူ့အဖွဲ့အစည်းက ကြားဝင်ခြင်း မဖြစ်စေရပေ။ ၎င်းက ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ပြီး၊ ကလေးများကို အများပိုင်အခြေခံပေါ်တွင် ပညာပေးထား သည့် အတွက် ဤလုပ်ငန်းကို လုပ်ဆောင်နိုင်ခြင်းဖြစ်ကာ ဤနည်းဖြင့် ယနေ့အထိ တည်ရှိနေသည့် ထိမ်းမြားခြင်း၏ အခြေခံနှစ်ခု– ပုဂ္ဂလိကပိုင်ဆိုင်မှုမှ အကျိုးအဖြစ် ပေါ်လာသည့် ဇနီးက ခင်ပွန်းအပေါ်မှီခိုရမှုနှင့် ကလေးများက မိဘအပေါ် မှီခိုရမှုကို ဖယ်ရှားပစ်ပေလိမ့်မည်။ ဤသည်မှာ ကိုယ်ကျင့်တရားစကား အင်မတန် ပြောချင်သည့် နလပိန်းတုံးများ အော်ဟစ်လေ့ရှိသည့် ကွန်မြူနစ်များ၏ “အမျိုးသမီးများကို ဘုံပိုင်ဆိုင်မှု” ဆိုသော ရှုတ်ချသံကို ပေးလိုက်တဲ့ အဖြေတရပ် ပင်ဖြစ်သည်။ အမျိုးသမီးများအား ဘုံပိုင်ဆိုင်မှုမှာ ခေတ်ရှင်အဖွဲ့အစည်းနှင့်သာ လုံးဝသက်ဆိုင်သည့် အခြေအနေတရပ်ဖြစ်ပြီး ဤအချက်ကို ယနေ့ပြည့်တန်ဆာ လုပ်ငန်းတွင် အပြည့်အဝ တွေ့ရှိနိုင်ပါသည်။ သို့သော် ပြည့်တန်ဆာ လုပ်ငန်းသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုအပေါ် အခြေခံပြီး ၎င်းနှင့်အတူ ကျဆုံးရသည်။ ထို့ကြောင့် ကွန်မြူနစ်လူ့အဖွဲ့အစည်းသည် အမျိုးသမီးဘုံပိုင်ဆိုင်မှုကို မပြုလုပ်သည့်အပြင် တကယ်မှာ ၎င်းကို

ဖျက်သိမ်းပစ်ပါသည်။

**မေးခွန်း ၂၂။ ကွန်မြူနစ်လူ့အဖွဲ့အစည်းက တည်ရှိဆဲအမျိုးသားများအပေါ် မည်ကဲ့သို့ သဘောထားပါသနည်း?။**

အဖြေ။ မပြောင်းလဲပါ။

**မေးခွန်း ၂၃။ တည်ရှိဆဲ ဘာသာရေးများအပေါ် မည်ကဲ့သို့ သဘောထားသနည်း?။**

အဖြေ။ မပြောင်းလဲပါ။

**မေးခွန်း ၂၄။ ကွန်မြူနစ်များသည် ဆိုရှယ်လစ်များနှင့် မည်သို့ကွဲပြားသနည်း။?**

အဖြေ။ ဆိုရှယ်လစ်ဆိုသူများတွင် သုံးမျိုးသုံးစားရှိသည်။

ပထမ အမျိုးအစားကတော့ အကြီးစားစက်မှုလုပ်ငန်း၊ ကမ္ဘာ့ကုန်သွယ်မှု*က ဖျက်ဆီးခြင်းခံရပြီးဖြစ်ကာ ယခုအထိလည်း နေ့စဉ်နှင့်အမျှ ဖျက်ဆီးခြင်းခံနေရသည့် ပဒေသရာဇ်နှင့် အဖကြီးစိုးတဲ့ လူ့အဖွဲ့အစည်းတို့၏ နောက်လိုက်များ ပါဝင်သည်။ ဤအမျိုးအစားက တည်ရှိဆဲ လူ့အဖွဲ့အစည်း၏ မကောင်းမှုများကိုကြည့်ပြီး ပဒေသရာဇ်နှင့် အဖကြီးစိုးသည့်အဖွဲ့အစည်းမှာ ဤလိုမကောင်းမှုမျိုး မရှိသည့်အတွက် ၎င်းတို့ကိုပြန်လည်တည်ထောင်ရမည်ဟု သုံးသပ်သည်။ တရားသောနည်းဖြင့် ဖြစ်စေ၊ မတရားသောနည်းဖြင့် ဖြစ်စေ၊ ၎င်းတို့၏ အဆိုပြုချက်အားလုံးသည် ဤနေရာအဆုံးသို့ ညွှန်ပြနေပါသည်။ ၎င်းတို့၏ ပါတီအကျိုးအတွက် အားသွန်ခွန်စိုက် လုပ်ဟန်ရှိမှုနှင့် ပစ္စည်းမဲ့များ၏ ဆင်းရဲဒုက္ခများအပေါ် မိကျောင်းမျက်ရည်ကျရမှုများ အားလုံးအတွက် **ဤ ဖောက်ပြန်သည့်** ဆိုရှယ်လစ်အမျိုးအစားကို ဘယ်လိုပဲဖြစ်ဖြစ် ကွန်မြူနစ်များက အောက်ပါ အကြောင်းများကြောင့် တက်ကြွစွာ ဆန့်ကျင်ပေလိမ့်မည်။

၁။ ၎င်းသည် လုံးဝမဖြစ်နိုင်သည့် ကိစ္စတခုအတွက် ကြိုးပမ်းခြင်း။

၂။ ၎င်းသည် မင်းစိုးရာဇာများ၊ ဂီးလ်လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှု လုပ်ခင်းရှင်များနှင့် ၎င်းတို့၏ အခြွေအရံအသင်းအပင်းများဖြစ်သည့် သက်ဦး ဆံပိုင် သို့မဟုတ် ပဒေသရာဇ်ဘုရင်များ၊ အရာရှိမင်းများ၊ စစ်သားများနှင့် ဘုန်းကြီးများရဲ့ အုပ်ချုပ်မှုကို ထူထောင်ရန်ရည်မှန်းသည်။ ယင်းလူ့အဖွဲ့အစည်းတွင် ယနေ့လူ့အဖွဲ့အစည်း၏ မကောင်းဆိုးဝါးများ မရှိတာ သေချာသော်လည်း အဖိ နှိပ်ခံ အလုပ်သမားများအား ကွန်မြူနစ် အဖွဲ့အစည်းမှတဆင့် လွတ်မြောက်ရေး အလားအလာကိုပင် ကမ်းလှမ်းခြင်းမပြုဘဲ မကောင်းမှု အများအပြားကိုသာ အနည်းဆုံး သယ်ဆောင်လာမည် ဖြစ်သည်။

၃။ ပစ္စည်းမဲ့များက တော်လှန်ရေးသမားများ၊ ကွန်မြူနစ်များ ဖြစ်လာသည့်အခါတွင် ဤဖောက်ပြန်သော ဆိုရှယ်လစ်များသည် ပစ္စည်းမဲ့များကို ဆန့်ကျင်သည့် ခနရှင်များနှင့် ရုတ်တရက်ချက်ချင်း ပူးပေါင်းလိုက်ကြပြီး ၎င်းတို့၏ တကယ့်အရောင်အသွေးကို ဖော်ပြလိုက်ကြတော့သည်။

ဒုတိယအမျိုးအစားကတော့ ယနေ့လူ့အဖွဲ့အစည်း၏ နောက်လိုက်များဖြစ်ကြပြီး။ ဤလူ့အဖွဲ့အစည်းက မလွှဲမရှောင်သာ ပေါ်ထွန်းလာစေသည့် မကောင်းမှုများကြောင့် ၎င်းတို့၏ အနာဂတ်ကို ကြောက်ရွံ့ကြသူများ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ ဖြစ်စေချင်သည်မှာ တည်ရှိဆဲလူ့အဖွဲ့အစည်းကို ၎င်းတို့၏ မွေးရာပါမကောင်းမှုများ ဖယ်ရှားပြီး ထိန်းသိမ်းထားရေးဖြစ်သည်။ ဤရည်မှန်းချက်အတွက် တချို့က လူမှုဝန်ထမ်းနည်းနာ သက်သက်များကို တင်ပြပြီး တချို့ကတော့ ဟိတ်ကြီးဟန်ကြီးနှင့် ပြန်လည်ပြုပြင်ရေး စီမံကိန်းများ တင်လာသည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်းရန်ဆိုသော ဟန်ဆောင်မှုအောက်တွင် တကယ်တော့ တည်ရှိဆဲလူ့အဖွဲ့အစည်း အနေအထား၏ အခြေခံကို ထိန်းသိမ်းရန် ထို့ကြောင့် ၎င်း၏ဘဝကို ထိန်းသိမ်းထားရန် ရည်ရွယ်ရင်းဖြစ်သည်။ ဤ**<u>ခနရှင်ဆိုရှယ်လစ်</u>**များသည် ကွန်မြူနစ်များ၏ ရန်သူများအတွက် အလုပ်လုပ်ပေးပြီး ကွန်မြူနစ်များက တွန်းလှန်ဖြိုချရင် ရည်မှန်းထားသည့် လူ့အဖွဲ့အစည်းကို ကာကွယ်နေသည့်အတွက် ၎င်းတို့ကို ကွန်မြူနစ်တို့က မလျှော့တမ်း မဆုတ်တမ်း တိုက်ခိုက်ရပါမည်။

နောက်ဆုံး။ တတိယအမျိုးအစားတွင် ဒီမိုကရက်တစ် ဆိုရှယ်လစ်များ ပါဝင်ပြီး ၎င်းတို့သည် မေးခွန်းမူရင်းကျမ်းတွင် (ဤနေရာ၌ ကွက်လပ်ကျန်နေပါသည်။ အထက်ကမေးခွန်း ၁၈ အတွက်အဖြေ နှာ (၁၆) ကြည့်ပါ။ ... အယ်ဒီတာ) တွင် ဖော်ပြခဲ့သည့်အတိုင်း ကွန်မြူနစ်များ တင်ပြသော နည်းနာများထဲမှအချို့ကို လိုလားကြသည်။ သို့သော်လည်း ကွန်မြူနစ်စနစ်သို့ ကူးပြောင်းမှု အစိတ်အပိုင်းအဖြစ် မဟုတ်ဘဲ ၎င်းတို့အနေနှင့် ယနေ့ လူ့အဖွဲ့အစည်းရဲ့ ဒုက္ခနှင့် မကောင်းမှုများကို ဖျက်သိမ်းရန် လုံလောက်သည့် နည်းနာများအဖြစ် ယုံကြည်နေသောကြောင့် ဖြစ်သည်။ ဤ**<u>ဒီမိုကရက်တစ် ဆိုရှယ်လစ်များ</u>**သည် မိမိတို့လူတန်းစား လွတ်မြောက်ရေးအတွက် အကြောင်းအချက်များကို သေသေချာချာ ရှင်းရှင်းလင်းလင်း မသိရှိသေးသည့် ပစ္စည်းမဲ့များသော်လည်းကောင်း၊ ခနရှင်ပေါက်စ ကိုယ်စားလှယ်များသော်လည်းကောင်း ဖြစ်ကြသည်။

ခနရှင်ပေါက်စလူတန်းစားသည် ဒီမိုကရေစီအောင်ပွဲမတိုင်မီနှင့် ၎င်းအောင်ပွဲက ဖြစ်ပေါ်လာစေသည့် ဆိုရှယ်လစ်လုပ်ငန်း ဆောင်ရွက်ချက်များ မတိုင်မီ ပစ္စည်းမဲ့များနှင့် အကျိုးစီးပွားတူညီမှု အများအပြားရှိသည်။ လှုပ်ရှားမှုကာလများအတွင်းတွင် ကွန်မြူနစ်များသည် ဤဒီမိုကရက်တစ် ဆိုရှယ်လစ်များနှင့် နားလည်မှုရအောင်ယူကာ ဤဆိုရှယ်လစ်များအနေဖြင့် အုပ်စိုးသူခနရှင်များအား အလုပ်အကျွေးပြုပြီး ကွန်မြူနစ်များကို တိုက်ခိုက်ခြင်းမပြုလျှင် လောလောဆယ် အချိန်တွင် ယေဘုယျအားဖြင့်၎င်းတို့နှင့် တူညီသည့်မူများကို တတ်နိုင်သမျှ လိုက်နာလုပ်ဆောင်ရမည်။ ဤကဲ့သို့ လှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်မှုသည် ၎င်းတို့နှင့် ကွဲပြားခြားနားချက်များအပေါ် မဆွေးနွေးဟု မဆိုလိုကြောင်း ထင်ရှားသည်။

**မေးခွန်း ၂၅။ <u>ကွန်မြူနစ်များနှင့် ကျွန်တောတို့ခေတ် တခြားနိုင်ငံရေးပါတီများ မည်ကဲ့သို့သော ဆက်ဆံရေးများ ရှိပါသနည်း?။</u>**

အဖြေ။ ဤဆက်ဆံရေးသည် နိုင်ငံချင်းမတူသည့်အလျောက် ကွဲပြားခြားနားပါသည်။ ခနရှင်များ အုပ်ချုပ်နေသည့် အင်္ဂလန်၊ ပြင်သစ်နှင့် ဘဲလ်ဂျီယံတို့တွင် ယခုလောလောဆယ်အချိန်၌ ကွန်မြူနစ်များအဖို့ ဒီမိုကရေစီပါတီ အမျိုးမျိုးတို့နှင့် တူညီသည့် အကျိုးစီးပွားများ ရှိဆဲဖြစ်သည်။ ယခုအခါ ၎င်းတို့ခုခံကာကွယ်နေသော ဆိုရှယ်လစ်နည်းနာများအနေဖြင့် ကွန်မြူနစ်များ၏ ရည်ရွယ်ချက်များနှင့် ပိုမိုနီးကပ် ဆက်စပ်လာလေလေ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် ပစ္စည်းမဲ့များ၏ အကျိုးစီးပွားကို ပို၍ရှင်းလင်းတိကျစွာ ကိုယ်စားပြုပြီး ပစ္စည်းမဲ့များအပေါ် ပို၍ မှီခိုလာလေလေ ဤအကျိုးစီးပွားမှာ ပို၍ကြီးမားလာလေလေ ဖြစ်ပေလိမ့်မည်။ ဥပမာအားဖြင့် အင်္ဂလန်မှာ အလုပ်သမားလူတန်းစား အဖွဲ့အစည်းဝင်များ ပါဝင်သော ချားတစ်[၆] များသည် ဒီမိုကရက်တစ် ခနရှင်ပေါက်စ သို့မဟုတ် ရက်ဒီကယ်ဆိုသူများထက် ကွန်မြူနစ်များနှင့် အဆုံးအစမရှိ ပိုမိုနီးစပ်သည်။

ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံ တည်ထောင်ထားသည့် **<u>အမေရိကန်</u>** နိုင်ငံတွင် ကွန်မြူနစ်များအနေဖြင့် ဤဖွဲ့စည်းပုံ ဥပဒေကို ခနရှင်များအား တိုက်ခိုက်ရေးအတွက် လှည့်ပြောင်းမည့်ပါတီနှင့် အကျိုးတူပေါင်းရမည်ဖြစ်ကာ ပစ္စည်းမဲ့များ၏ အကျိုးအတွက် အသုံးပြုပေလိမ့်မည်။ ဤသည်မှာ အမျိုးသားမြေယာပြုပြင်ရေးသမားများနှင့် ဖြစ်သည်။

<u>ဆွစ်ဇာလန်</u>မှ ရက်ဒီကယ်များသည် အလွန်ရှုပ်ထွေးသည့် ပါတီတရပ် ဖြစ်သော်လည်း ၎င်းတို့မှာ ယခုအချိန်ထိ ကွန်မြူနစ်များက ပူးပေါင်း

နိုင်သည့် တဦးတည်းသောသူများ ဖြစ်နေပြီး ဤရက်ဒီကယ်များထဲတွင် ဗိုးမြို့သားများ (Vaudois) (၁၀၇၀ ခုနှစ်များက ပြင်သစ်ပြည်တောင်ပိုင်းတွင် တည်ထောင်ပြီး။ ၁၅၀၀ ခုနှစ်များတွင် ပြန်လည်ပြုပြင်ရေး လှုပ်ရှားမှုများအတွင်း ပါဝင်လာသည့် ခရစ်ယာန်ဂိုဏ်း။)နှင့် ဂျီနီဗာမြို့သားများ (Genivese) (ဆွစ်ဇာလန်ပြည် ဂျီနီဗာမြို့တွင် နေထိုင်ကြသူများ။ ဘာသာပြန်သူ) သည် အတိုးတက်ဆုံး ရှေ့တန်းအရောက်ဆုံးသူများ ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဂျာမဏီတွင်မူ ဓနရှင်နှင့် သက်ဦးဆံပိုင် ဘုရင်စနစ်တို့ အဆုံးအဖြတ်တိုက်ပွဲမှာ အရှိန်ကောင်းဆဲဖြစ်သည်။ ကွန်မြူနစ်များအဖို့ ၎င်းတို့နှင့် ဓနရှင်များအကြား အဆုံးအဖြတ်တိုက်ပွဲကို ဓနရှင်များ အာဏာမရမီ မဆင်နွှဲနိုင်သည့်အတွက် ဓနရှင်များကို မြန်မြန်ဖြိုချနိုင်ရန် မြန်နိုင်သမျှမြန်စွာ အာဏာရအောင် ကူညီခြင်းသည် ကွန်မြူနစ်များအဖို့ အကျိုးရှိသည်။ ထို့ကြောင့် ကွန်မြူနစ်များသည် အစိုးရများကို ဆန့်ကျင်ပြီး ဓနရှင်လစ်ဘရယ်ပါတီများကို ထောက်ခံရမည်ဖြစ်သော်လည်း ဓနရှင်များ၏ လိမ်လည်လှည့်ဖျားမှုများကို သတိရှိရမည်ဖြစ်ကာ ဓနရှင်အောင်ပွဲက ပစ္စည်းမဲ့များအတွက် သယ်ယူလာမည်ဆိုသော ဆွဲဆောင်ဖြားယောင်းချက်ကတိများကို နားယောင်မသွားရန်ဖြစ်သည်။ ဓနရှင်အောင်ပွဲမှ ကွန်မြူနစ်များ ရရှိနိုင်သည့် တခုတည်းသော အကျိုးကျေးဇူးမှာ –

(၁) ကွန်မြူနစ်များ၏ မူများကိုကာကွယ်၊ ဆွေးနွေးညှိနှိုင်း၊ ဝါဒဖြန့်ချိနိုင်ပြီး ဤနည်းဖြင့် ပစ္စည်းမဲ့လူတန်းစားကို ကျစ်ကျစ်လစ်လစ် သိပ်သိပ် သည်းသည်း တိုက်ပွဲဝင်နိုင်သော စည်းရုံးမှုရှိသည့် လူတန်းစားတရပ်အဖြစ် စုစည်းပေး နိုင်သော အခြေအနေများကို တွန်းဆော်ပေးမည့် အခွင့်အရေးအမျိုးမျိုးများ။

(၂) သက်ဦးဆံပိုင် အစိုးရများ ကျဆုံးသွားသည့်နေ့မှစပြီး ဓနရှင်နှင့် ပစ္စည်းမဲ့များ၏ တိုက်ပွဲစတင်သည့် မလွဲကေန်ဖြစ်ရပ်တို့ ဖြစ်သည်။ ထိုနေ့မှစ၍ ကွန်မြူနစ်ပါတီ၏ ပေါ်လစီသည် ယခုဓနရှင်များ အာဏာရနေသည့် နိုင်ငံများရှိ ၎င်းတို့ပါတီ၏ ပေါ်လစီနှင့် အတူတူပင် ဖြစ်ပါလိမ့်မည်။ ။

၁၈၄၇ ခုနှစ် အောက်တိုဘာလတွင်ရေးသားသည်။
ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုချက်

သီးခြားစာစောင်အဖြစ် ၁၉၁၄ ခုနှစ်တွင် ထုတ်ဝေသည်။

# မှတ်စုများ

၁။ ၁၈၄၇ ခုနှစ်တွင် အိန်ဂယ်က ကွန်မြူနစ်လိဂ်အဖွဲ့အတွက် လမ်းစဉ်မူကြမ်း ၂ ရပ်ကို အမေးအဖြေသဏ္ဍာန်နှင့် ရေးခဲ့သည်။ တခုကို ဇွန်လမှာရေးပြီး နောက်တခုကို အောက်တိုဘာလမှာရေးသည်။ **ကွန်မြူနစ်ဝါဒ၏ မူများ** ဆိုသည့် ဒုတိယစာတမ်းကို ၁၉၁၄ ခုနှစ်မှာ ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ အစောပိုင်းရေးသည့် ယုံကြည်ချက်နှင့် ပတ်သက်သည့် **ကွန်မြူနစ်မျုး၏ ဝန်ခံချက်မူကြမ်း** စာတမ်းကိုတော့ ၁၉၆၈ ခုနှစ်ကျမှ တွေ့ရှိရပါသည်။ ၎င်းကို ၁၉၆၉ ခုနှစ် ဟမ်ဘာဂ်မှာ ပထမဦးဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေပြီး ကွန်မြူနစ်လိဂ်အဖွဲ့၏ ပထမကွန်ဂရက်နှင့် ပတ်သက်သည့် စာတမ်းလေးစောင်နှင့်အတူ "ကွန်မြူနစ်လိဂ် အဖွဲ့တည်ထောင်သည့် စာတမ်းများ" ဆိုသော စာအုပ်ငယ်မှာ ထည့်သွင်းထားသည်။

ကွန်မြူနစ်လိဂ်အဖွဲ့တည်ထောင်သည့် ကွန်ဂရက်ဖြစ်သော တရားမျှတမှုလိဂ်အဖွဲ့၏ ၁၈၄၇ ဇွန်လ ကွန်ဂရက်မှာ "ယုံကြည်ချက်နှင့် ပတ်သက်သည့် ဝန်ခံချက်" မူကြမ်းကို ရေးဆွဲထုတ်ဝေပြီး အဖွဲ့၏အစုများ ဆွေးနွေးရန်တင်သွင်းဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ယခုမှ ပေါ်ထွက် လာသည့် စာတမ်းသည် ၎င်းမူကြမ်းဖြစ်ရန် အတော်သေချာပါသည်။ စာတမ်း နှစ်ခုကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် **"ကွန်မြူနစ်ဝါဒ၏မူများ"** သည် အစောပိုင်း ရေးသည့် စာတမ်းကို ပြုပြင်,ပြင်ဆင်ထားခြင်းသာ ဖြစ်ပါသည်။ **"ကွန်မြူနစ်ဝါဒ၏မူများ"** တွင် အိန်ဂယ်က မေးခွန်းသုံးခုကို မဖြေဘဲထားခဲ့ပြီး နှစ်နေရာမှာတော့ "မပြောင်းလဲပါ" ဆိုသည့်မှတ်ချက် ထည့်ထားကာ သူအစောပိုင်းက ရေးထားသော စာတမ်းထဲက အဖြေများကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ကွန်မြူနစ်လိဂ်အဖွဲ့၊ ပဲရစ်အဝန်းအဝိုင်းရှိ ခေါင်းဆောင်မှုအဖွဲ့၏ ညွှန်ကြားချက်အရ အိန်ဂယ်က လုပ်ငန်းစဉ်မူကြမ်း အသစ်တခုရေးဆွဲခဲ့သည်။ ၁၈၄၇ အောက်တိုဘာ ၂၂ ရက် ကော်မတီအစည်းအဝေးတွင် အိန်ဂယ်က "အစစ်အမှန်ဆိုရှယ်လစ်" မိုစစ်ဟက်စ် (Moses Hess) ရေးဆွဲသည့် လုပ်ငန်းစဉ်မူကြမ်းကို ပြင်းထန်စွာဝေဖန်ခဲ့သည်။ ထို့နောက် ယင်းမူကြမ်းကို ကော်မတီက ပယ်ချလိုက်ပြီး ညွှန်ကြားချက်ကို ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။"ကွန်မြူနစ်ဝါဒ၏မူများ" ကို ပဏာမမူကြမ်းအဖြစ် ဆက်လက်သဘောထားလျက် အိန်ဂယ်က မာ့က်စ်ဆီရေးတဲ့ ၁၈၄၇ ခု၊ နိုဝင်ဘာ ၂၃–၂၄ နေ့စွဲပါစာတွင် အမေးအဖြေ ပုံစံပောင်းကြီးကို ဖြုတ်ချလိုက်ပြီး ကြေညာစာတမ်းပုံစံနှင့် လုပ်ငန်းစဉ်တရပ် ရေးဆွဲသင့်ကြောင်း သူ့အမြင်ကို ရေးသားထားသည်။ ကွန်မြူနစ် လိဂ်အဖွဲ့၏ ဒုတိယအကြိမ် ကွန်ဂရက် (၁၈၄၇ နိုဝင်ဘာ ၂၉– ဒီဇင်ဘာ ၈) တွင် မာ့က်စ်နှင့် အိန်ဂယ်တို့သည် ကွန်မြူနစ်ဝါဒ၏ အခြေခံ သိပ္ပံနည်းကျမူများကို ကာကွယ်ပြီး ကွန်မြူနစ်ပါတီ၏ ကြေညာစာတမ်းပုံစံနှင့်

လုပ်ငန်းစဉ်ရေးဆွဲရန် တာဝန်ပေးခြင်းခံရသည်။ ကြေညာစာတမ်းကို ရေးသားရာမှာ မာ့က်စ်ဝါဒကို တည် ထောင်သူများသည် "ကွန်မြူနစ်ဝါဒ၏မူများ" တွင် ဖွင့်ဆိုထားသည့် တရားများကို အသုံးပြုခဲ့ကြသည်။

၂။ နောက်ပိုင်းကာလများတွင် ရေးသားသည့် ၎င်းတို့၏ ကျမ်းများတွင် မာ့က်စ်နှင့် အိန်ဂယ်သည် "လုပ်အားရောင်းချမှု" "လုပ်အားတန်ဖိုး" နှင့် လုပ်အားအခ (မာ့က်စ် ပထမဆုံးသုံးခဲ့သည်။) ဆိုသည့် နေရာများတွင် ပိုမိုတိကျသည့် အယူအဆများ ဖြစ်သည့် "လုပ်အားစွမ်းအား ရောင်းချမှု" "လုပ်အားစွမ်းအား တန်ဖိုး" နှင့် "လုပ်အား စွမ်းအားအခ" ဆိုသည်တို့ကို အစားထိုးခဲ့သည်။

၃။ "ယုံကြည်ချက်နှင့် ပတ်သက်သည့် ကွန်မြူနစ်များ၏ ဝန်ခံချက်" မူကြမ်း တွင် ဤမေးခွန်း (နံပတ် ၁၂) အတွက် အဖြေမှာ "လက်မှုပညာသည်ကလေး ဆိုသူများ သည် ပစ္စည်းမဲ့များနှင့် မတူကွဲပြားစွာ လွန်ခဲ့တဲ့ရာစုနှစ် (ဆယ့်ရှစ်ရာစု) က နေရာတကာ နီးပါးမှာ ရှိခဲ့ပြီး ယခုအချိန်တွင်လည်း ဟိုနားသည်နားမှာ တွေ့မြင်ရဆဲဖြစ်နေသလို အလွန်ဆုံး **<u>ယာယီသာလျှင်</u>** ပစ္စည်းမဲ့ ဖြစ်ပါသည်။ သူ၏ ရည်မှန်းချက်မှာ မိမိကိုယ်တိုင် အရင်းအနှီးရလာပြီး ဤသည်နှင့် တခြားအလုပ်သမားများကို သွေးစုပ်ရန်ဖြစ်သည်။ ဂီးလ် လုပ်ငန်းများ တည်ရှိနေစဉ် သို့မဟုတ် ဂီးလ်လုပ်ငန်းတို့၏ ချုပ်ထိန်းမှုမှ လွတ်မြောက်မှုသည် အတတ်ပညာ လုပ်ငန်းများ အတွင်းသို့ အလုပ်ရုံပုံစံ နည်းနာများကို သယ်ဆောင် မလာမီနှင့် ပြင်းထန်သည့် ပြိုင်ဆိုင်မှု မရောက်လာမီ ကာလများတွင် သူသည် ဤရည်မှန်း ချက်ကို မကြာခဏ ရရှိနိုင်ပါသည်။ သို့သော် အလုပ်ရုံစနစ်က အတတ်ပညာလုပ်ငန်း အတွင်း ဝင်လာပြီး ပြိုင်ဆိုင်မှုအပြည့်အဝ ပေါ်ထွန်းလာသည်နှင့် တပြိုင်နက် ဤအမြင်မှာ မေးမှိန်ပျောက်ကွယ်သွားပြီး လက်မှုအတတ်ပညာသည်ကလေးများသည် ပို၍ပို၍ ပစ္စည်းမဲ့ ဖြစ်လာကြသည်။ ထို့ကြောင့် လက်မှုအတတ်ပညာသည်ကလေးများသည် ဓနရှင် သို့မဟုတ် ယေဘုယျအားဖြင့် အလယ်အလတ် လူတန်းစားတွင်း ရောက်ရှိသွားခြင်း ဖြင့်လည်းကောင်း၊ သို့မဟုတ် ပြိုင်ဆိုင်မှုကြောင့် ပစ္စည်းမဲ့ဖြစ်သွားခြင်းဖြင့်လည်းကောင်း၊ (ဤအဖြစ်က ပိုများပါသည်။) မိမိတို့ကိုယ် မိမိတို့ လွတ်မြောက်စေပါသည်။ ဤနေရာတွင် သူသည် ပစ္စည်းမဲ့များ၏လှုပ်ရှားမှု (ဆိုလိုသည်မှာ) အနည်းနှင့်အများ အသိရှိသည့် ကွန်မြူနစ်လှုပ်ရှားမှုထဲ ပါဝင်လာခြင်းဖြင့် မိမိတို့ကိုယ်မိမိတို့ လွတ်မြောက် စေနိုင်ပါ လိမ့်မည်။

၄။ အိန်ဂယ်၏ မှတ်ချက် "မပြောင်းလဲပါ" သည် ဇွန်လ မူကြမ်း အမှတ် ၂၁ မှ ဤမေးခွန်းကို ဖြေဆိုသည့်အဖြေကို ရည်ညွှန်းကြောင်း ရှင်းနေပြီး ၎င်းတွင် အောက်ပါအတိုင်း

ဖော်ပြထားသည်။

"လူမျိုးအသီးသီးတို့သည် ဘုံမူဝါဒများနှင့်အညီ ၎င်းတို့ အချင်းချင်း ပူးပေါင်းတဲ့ ဖက်လာကြပြီး ထိုပူးပေါင်းမှုများကြောင့် တဦးနှင့်တဦး မလွဲ မရှောင်သာ ပူးပေါင်းရောနှော သွားကာ မိမိတို့ကိုယ်မိမိတို့ ဖျက်သိမ်းမည်ဖြစ်သည်။ နယ်မြေ အမျိုးမျိုးနှင့် လူတန်းစား ကွာခြားချက်များမှာ ၎င်းတို့၏ အခြေခံဖြစ်သော ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းလိုက်သည့် အခါတွင် ပျောက်ကွယ်သွားစေသကဲ့သို့ ပျောက်ကွယ်သွား လိမ့်မည်။

၅။ ထို့အတူ ဤသည်လည်း ဇွန်လမှုကြမ်း မေးခွန်း ၂၂ မှအဖြေကို ရည်ညွှန်းသည်။ ၎င်းတွင် "ယခုအချိန်အထိ ဘာသာရေးအားလုံးသည် လူတဦးတယောက် သို့မဟုတ် လူတစု၏ သမိုင်းရေးရာ ဖြစ်ပေါ်တိုးတက်မှု၏အဆင့်များ ဖော်ပြချက်ဖြစ်သည်။ သို့သော် ကွန်မြူနစ်ဝါဒဆိုသည်မှာ တည်ရှိဆဲ ဘာသာရေးအားလုံးကို အပိုဖြစ်စေပြီး၊ ၎င်းတို့ကို ပျောက် ကွယ်သွားစေသည့် သမိုင်းရေးရာ ဖြစ်ပေါ်တိုးတက်မှု အဆင့်တရပ်ဖြစ်သည်။

၆။ ချားတစ်များမှာ ၁၈၃၀ ခုနှစ်များနှင့် ၁၈၅၀ ခုနှစ် အလယ်အကြား ဖြစ်ပေါ်ခဲ့သော ဗြိတိသျှအလုပ်သမားများ၏ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများဖြစ်သည်။ ၎င်းတို့၏ ကြွေးကြော်သံမှာ ပြည်သူ့ချာတာကို လိုက်နာရန်ဖြစ်ပြီး လူတိုင်း မဲဆန္ဒပေးခွင့်နှင့် အလုပ်သမားများအားလုံး မဲပေးခွင့် အခွင့်အရေးများကို အာမခံသည့် အကြောင်းအချက် တစုံလုံး တောင်းဆိုကြသည်။ လီနင်က ချားတစ်လှုပ်ရှားမှုကို "ကမ္ဘာပေါ်မှာ ပထမဆုံး ကျယ်ပြန့်တဲ့ လူထုလက္ခဏာ အမှန်ဆောင်တဲ့ နိုင်ငံရေးအရ စည်းလုံးတဲ့ ပစ္စည်းမဲ့ တော်လှန်ရေးလှုပ်ရှားမှု" ဟု ဖွင့်ဆိုခဲ့ပါသည်။ (ကျမ်းပေါင်းချုပ် အင်္ဂလိပ်ဘာသာ၊ အတွဲ ၂၉၊ နှာ ၃၀၉) ဗြိတိသျှ စက်မှုလုပ်ငန်းနဲ့ ကုန်သွယ်ရေးလက်ဝါးကြီးအုပ်မှု အင်အားတောင့် တင်းလာမှုနှင့် ဗြိတိသျှခနရှင်များက ၎င်းတို့၏ အထူးအမြတ်အစွန်းများထဲမှနေ၍ အလုပ်သမားလူတန်းစား အထက်လွှာ ("လုပ်သားမင်းစိုးရာဇာများ") များကို လာဘ်ထိုးမှုတို့ကြောင့် ချာတာလှုပ်ရှားမှု ကျဆင်းသွားရသည်။ ဤအချက် နှစ်ရပ်စလုံးက အထက်မှာ ဖော်ပြထားခဲ့သည့်အတိုင်း ဤအလွှာအတွင်း၌ အချောင်သမား တိမ်းညွှတ်မှုများကို ပိုမိုအင်အား တောင့်တင်းလာစေပြီး အထူးသဖြင့် သမဂ္ဂခေါင်းဆောင်များက ချားတစ် လှုပ်ရှားမှုကို ထောက်ခံရန် ငြင်းပယ်လိုက်ခြင်းဖြင့် ပိုဆိုးသွားရပါသည်။ ။

တရုတ်ပြည်၊ ပီကင်းနိုင်ငံခြားဘာသာ ပုံနှိပ်ထုတ်ဝေရေးဌာနက

၁၉၇၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော အင်္ဂလိပ်ဘာသာမူအား ပြန်ဆိုထားခြင်းဖြစ်သည်။
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်။
၁၉၈၁ ခု၊ သြဂုတ်လ ၁၅ ရက်။